# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁၁)ရက် ၊ ကြာသပတေးနေ့ ၊ (22-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၇၅)



**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ် အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၁**

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC–1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁**


ရတနာပုံ **ယနေ့ဖတ်စရာ**

**ချစ်ခြင်းခိုင်ကျည် ပွဲတော်ဆီ**

ကဗျာ

စာမျက်နှာ - ၅


## စပါး တင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ငွေကျပ် ၁၃၅၀၀၀၀ သတ်မှတ်

**အခြေခံရည်ညွှန်းစပါးဈေးနှုန်းထုတ်ပြန်ကြေညာချက်**
**ကြေညာချက်အမှတ်(၁/၂၀၂၆)**
**၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၁ ရက်**

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်စေရေး စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲကင်းစင်ပြီး အရည်အသွေးဆိုင်ရာ

**စာမျက်နှာ ၂၄ ကော်လံ ၄**

## အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေ




NINO 3.4 ဧရိယာတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက် ၂.၃ ဒီဂရီဆဲလ်စီးယပ်မှ ၂.၆ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

**နေပြည်တော် အောက်တိုဘာ ၂၁**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင်

**စာမျက်နှာ ၂၄ ကော်လံ ၄**

## ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေ

**နေပြည်တော် အောက်တိုဘာ ၂၁**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်



အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော တမီးလ်နာဒူး ကမ်းလွန်ဒေသတို့တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) ဖြစ်ပေါ်နေသည်။

(မိုး/ဇလ)

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၂ ရက်
အယ်ဒီတာ့အာဘော်

# ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသော မျိုးဆက်သစ်အနုပညာရှင်များ၏ စွမ်းရည်ပြပွဲ

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစရိုက်လက္ခဏာများ ရှိကြသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံများရှိသည်။ မိမိတို့နိုင်ငံတွင် ရိုးရာယဉ်ကျေးမှုကို လက်ဆင့်ကမ်းထိန်းသိမ်းလျက်ရှိရာ ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၉ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၊ နေပြည်တော်တည်းခိုရေးစခန်းနှင့် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို (က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ (ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ (ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ (ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဟူသော ဦးတည်ချက်လေးရပ်ချမှတ်ကာ ကျင်းပဖော်ဆောင်ခြင်းဖြစ်သည်။

ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးကို အစဉ်အားပေးခဲ့ပြီးမြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ယဉ်ကျေးမှုနယ်ပယ်ဖြစ်သည့် နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှစတင်၍ ၂၀၁၆ ခုနှစ်ထိ ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်မှစ၍ ၂၃ ကြိမ်မြောက်အဖြစ် ပြန်လည်ကျင်းပနိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ၂၄ ကြိမ်မြောက်၊ ၂၀၂၄ ခုနှစ်တွင် ၂၅ ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်အဖြစ် ကျင်းပခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၂၆ ကြိမ်မြောက်နှင့် ယခုနှစ်တွင် ၂၇ ကြိမ်မြောက်အဖြစ် ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်များသည် ဗဟိုအဆင့်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် ယှဉ်ပြိုင်မှုသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အန္တံ့အပြားတွင် နေထိုင်ကြသည့် ပြည်ထောင်စုသွေးချင်းများ ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းနိုင်မှု၊ မိတ်ကောင်းဆွေကောင်းများ တိုးတက်ရရှိမှု၊ ယဉ်ကျေးမှု အနုပညာအသီးသီးကို နှီးနှောဖလှယ်မျှဝေနိုင်မှု စသည့်အကျိုးရလဒ်များမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တိုးမြှင့်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်ကို ဆက်လက်မြတ်နိုးထိန်းသိမ်းရေးအတွက် ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၏ ဂုဏ်ကိုသာမက နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သော မျိုးဆက်သစ်အနုပညာရှင်များဖြစ်အောင် မိမိတို့၏ရိုးရာယဉ်ကျေးမှုအနုပညာစွမ်းရည်များကို ရေကုန်ရေခန်း ဖော်ထုတ်ပြသယှဉ်ပြိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



ကျောက်မြောင်း အောက်တိုဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၅၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ဩဂုတ်လပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၁ ဒသမ ၄၉ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ မြေပဲ ၁၂၈၅၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့က တော့ အောင်မြင်တဲ့ အနေအထားမှာရှိပြီး တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကင်းထောက်မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးမြွေထိုးပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဘိုကလေး အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးမြွေထိုးပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးမြွေထိုးပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးမြွေထိုးပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမြွေထိုးများ တင်ပို့ရောင်းချလာရသည့်အတွက် ငါးမြွေထိုးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ငါးမြွေထိုးပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို စက်တင်ဘာလအတွင်းကော အခုလက်ရှိမှာပါ ငါးမြွေထိုးတွေ တင်ပို့ရောင်းချအား ကောင်းနေပါတယ်။ အခုလို တင်ပို့အားတက်လာတော့ ငါးမြွေထိုး မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးမြွေထိုးတစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မလှိုင်မြို့နယ် ဖန်းခါးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မလှိုင် အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖန်းခါးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မျိုးဦးက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖန်းခါးပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# သာစည်မြို့နယ် ရွာပုလဲလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာပုလဲလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရွာပုလဲလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၆၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရွာပုလဲလေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၉ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၂၄ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၉ ဒသမ ၂၅ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၄ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၆၅သန်းထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပုသိမ်ကြီးမြို့နယ် ရန်ကင်းသာယာရပ်ကွက် တောင်ငူလမ်းနေ ကျန်ရစ်သူမိသားစုက ဦးအောင်သန့်အားရည်စူး၍ တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ခုနစ်သိန်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ် ၁၂ သိန်း လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏နာယကဆရာကြီး ဦးတင်မောင်၊ ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်ကျော်တို့က လက်ခံရယူစဉ်။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပြောင်း ၂၃၂၈၄ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်း ၂၃၂၈၄ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၉၃၀၆ ကေ၊ ဖူးစားပြောင်း ၄၇၉၂ ကေ စုစုပေါင်း ၂၄၀၉၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို စက်တင်ဘာလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၁၈၈၃၃ ကေ၊ ဖူးစားပြောင်း ၄၄၅၁ ကေ စုစုပေါင်း ၂၃၂၈၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်းတစ်ကေလျှင် ၆၃ ဒသမ ၇၁ တင်းနှင့် ဖူးစားပြောင်းတစ်ကေလျှင် ပြောင်းဖူးရေ ၁၃၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာ ပြောင်း ၂၄၀၉၈ ကေထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိမှာရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၂၃၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ မြို့နယ်အလိုက် ပြောင်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၃၀၁ ကေ၊ ဖူးစားပြောင်း ၃၀၈ ကေ၊ ဆွမ္မရာမြို့တွင် အစေ့ထုတ်ပြောင်း ၃၆ ကေ၊ ဖူးစားပြောင်း ၃၁ ကေ၊ လဟယ်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၅၃၅၅ ကေ၊ ဖူးစားပြောင်းကေ ၇၀၊ ထန်ပါခွေမြို့တွင် အစေ့ထုတ်ပြောင်း ၁၆၀၅ ကေ၊ ဖူးစားပြောင်းကေ ၅၀၊ နန်းယွန်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၆၁၄ ကေ၊ ဖူးစားပြောင်း ကေ ၄၁၀၊ ဒုံဟီးမြို့တွင် အစေ့ထုတ်ပြောင်း ၆၉၃ ကေ၊ ဖူးစားပြောင်း ၃၂၄၃ ကေ၊ ပန်ဆောင်မြို့တွင် အစေ့ထုတ်ပြောင်း ၂၂၉ ကေ၊ ဖူးစားပြောင်း ၃၃၉ ကေဖြစ်ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပုသိမ်ကြီးမြို့နယ် ရဲထွင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပုသိမ်ကြီး အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရဲထွင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရဲထွင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ခုနစ်သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၄ ဒသမ ၇ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် တစ်သန်း၊ အသေးစားလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၆ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# လပွတ္တာမြို့နယ်တွင် ဒေသထွက် ငါးမုတ်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**လပွတ္တာ အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ဒေသထွက် ငါးမုတ်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်ထံမှ သိရသည်။

လပွတ္တာမြို့နယ်တွင် အောက်တိုဘာလဒုတိယပတ်မှ ယနေ့ထိ ငါးမုတ်များ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါငါးမုတ်များကို ပြည်တွင်းဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တင်ပို့မှုအားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိ ငါးတွေထဲမှာ ငါးမုတ်တွေ ပိုမိုရောင်းချအား ကောင်းနေပါတယ်။ လက်ရှိမှာ တစ်ရက်ကို ပျမ်းမျှ ငါးမုတ် ပိဿာချိန် ၇၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသဈေးကွက်မှာ ငါးမုတ်တွေ အဝယ်လိုက်လာလို့ အရောင်းအဝယ်ဖြစ်နေတာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ငါးမုတ်တွေ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကို ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်အပါအဝင် ဒေသထွက်ရေထွက်ကုန်ပစ္စည်းများကိုဝယ်ယူပြီး စနစ်တကျစစ်ဆေးသန့်စင်ကာ ဝယ်ယူသည့်ဒေသများသို့ ဆက်လက်ဖြန့်ဖြူးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အမရပူရရွှေနန်းတော်တည်မော်ကွန်း

ဗိုလ်ရှိတ်(ရတနာပူရ)

အမရပူရမြို့ကိုတည်ထားစိုးစံခဲ့သူမှာ ကုန်းဘောင်မင်းဆက် ၁၁ ဆက်တွင် ခြောက်ဆက်မြောက် ဗဒုံမင်းတရားကြီးဖြစ်သည်။ ဘိုးတော်ဗဒုံမင်းသည် အမရပူရမြို့တော်၊ နန်းတော်ကို ၁၁၄၄ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက် အင်္ဂါနေ့(၁၇၈၃ ခု၊ ဇန်နဝါရီလ ၁၅ ရက်)တွင် တည်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မုံရွေးဆရာတော်ကြီးက အမရပူရမြို့တည်နှစ်ကို မုံရွေးရာဇဝင်ချုပ်လင်္ကာ၌-

"အင်းအိုင်ဝိုက်လည်၊ မြို့ကြီးတည်

မြို့မည်အမရ သာမောလှ"ဟူ၍ စပ်ဆိုခဲ့ခြင်းဖြစ်သည်။ ဘိုးတော်ဗဒုံမင်းတည်ထားခဲ့သော အမရပူရမြို့သည် စတည်သည့် ၁၁၄၄ ခုနှစ်မှ နောက်ဆုံးမင်းတုန်းမင်း မန္တလေးသို့ပြောင်းသည့် ၁၂၁၉ ခုနှစ်ထိ နှစ်ပေါင်း ၇၅ နှစ်ကြာရှည်ခဲ့သည်။ ထိုမြို့သက် ၇၅ နှစ်အတွင်း အမရပူရမြို့၌ စိုးစံခဲ့သော မင်းတို့မှာ-

၁။ ဘိုးတော်ဗဒုံမင်း

၂။ ဘကြီးတော်စစ်ကိုင်းမင်း(အမရပူရ၌ လေးနှစ်ခန့်သာစိုးစံ)

၃။ သာယာဝတီမင်း

၄။ ပုဂံမင်း

၅။ မင်းတုန်းမင်း(နန်းစံလေးနှစ်ခန့်သာ) ဖြစ်သည်။

**အမရပူရရွှေနန်းတည်မော်ကွန်း**

ဘိုးတော်ဗဒုံမင်းတည်ထားခဲ့သော အမရပူရမြို့တော်အကြောင်းကို စာဆိုအသီးသီးတို့သည် မော်ကွန်းရတု စသည့်ကဗျာလင်္ကာများဖွဲ့ဆို၍ မှတ်တမ်းတင်ခဲ့ကြသည်။ အမရပူရမြို့ဘွဲ့ရတု၊ အမရပူရမြို့တည်လင်္ကာ၊ အမရပူရမြို့ရွှေနန်းတည်မော်ကွန်း စသည်ဖြင့် မှတ်တမ်းများတွေ့ရသည်။ အမရပူရမြို့အကြောင်းဖွဲ့ဆိုသော ကဗျာများတွင် အမရပူရရွှေနန်းတည်မော်ကွန်းလည်း တစ်စောင်အပါအဝင်ဖြစ်သည်။ အမရပူရရွှေနန်းတည် မော်ကွန်းကို ရေးဖွဲ့ခဲ့သူမှာ ဦးထွန်းညိုဖြစ်သည်။ ဘွဲ့အမည်အပြည့်အစုံဆိုရပါမူ တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညိုဖြစ်သည်။ ဦးထွန်းညိုသည် သိသူများထင်ရှားသော စာဆိုတော်ကြီးဖြစ်သည်။ ဦးထွန်းညိုအကြောင်းကို စာတစ်အုပ်အဖြစ်သီးသန့်ပြုစုထားပြီး ဖြစ်သကဲ့သို့ စာဆိုတော် အတ္ထုပ္ပတ္တိအသီးသီးတို့တွင်လည်း ဦးထွန်းညိုအကြောင်းပါမြဲဖြစ်သည်။ ထို့ကြောင့် ဦးထွန်းညိုအကြောင်းကို အကျယ်မချဲ့တော့ဘဲ ရှေးပေမူတစ်ဆူတွင် တွေ့ရသည့်အတိုင်း အကျဉ်းမျှသာ ဖော်ပြပါတော့မည်။

"တွင်းသင်းမင်းကြီး မဟာစည်သူအကြောင်းကား ဟံသာဝတီရောက် မင်းလက်ထက်ရဟန်းမည် လင်္ကာသာရ၊ ကျောင်းနေကလူထွက်၍ ဗဒုံမင်းဘိုးတော်ဘုရားဆရာအဖြစ် ထမ်းသည်။ ဆရာကြီး ဦးထွန်းညိုတွင်သည်။ ပျို့ရွယ်စဉ်မြောက်မြို့(ရွှေဘိုမြို့)တွင် ကဗျာလင်္ကာနှင့် ဓမ္မသတ်လင်္ကာ၊ ငရဲမင်းပျို့၊ မုဒုလက္ခဏာပျို့၊ မဟော်ကျေးသားခန့်၊ ဥမင်ခန်း၊ ဇယဒိသပျို့၊ ဝိဓုရပျို့၊ ဝေဿန္တရာပျို့၊ နောဆုံးဇနက္ကပျို့၊ အောင်ပင်လယ်ကန်ဘွဲ့၊ ရေသဘင်လူးတား၊ ဆင်တော်မော်ကွန်း၊ ထားစကြာဘွဲ့၊ အမရပူရာဘွဲ့မော်ကွန်း၊ မင်းကွန်းဘွဲ့မော်ကွန်း၊ ဘုန်းတော်ဘွဲ့ရတုမှစ၍ စာအများရေးသည်။ ဘိုးတော်ဘုရားအထွဋ်အမြတ်ရောက်လျှင် အလျင်မဟာသင်္ယာဘွဲ့နှင့် ကျီဝန်ခန့်သည်။ နောက်မဟာစည်သူဘွဲ့နှင့် တွင်းသင်းတိုက်ဝန်ခန့်သည်။ ယင်းတွင်မှ တွင်းသင်းမင်းကြီးတွင်သည်။ နောက်ပုခန်းမင်းကြီးမရှိလျှင် ပုခန်းမင်းကြီး ၃ ဆက်အိမ်ရှေ့တူရှုတွင် နေရာ၊ ပတ္တမြားသုံးရစ်စီတောင်ဝေးများကိုရသည်။ နောက်မင်းကွန်းတွင် လွန်၍ ထီးဖြူသန်လျင်းနှင့် သင်္ဂြိုဟ်ရသည်။ ဇာတိ မောင်းထောင်ရွာနေ မောင်ဩအမိ၏ မောင်ရင်းဖြစ်၍ မောင်ဩဦးရီးပင်တည်း။။

**ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာညွှန့်ပေါင်းကျမ်း**

တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညိုရေးသော အမရပူရရွှေနန်းတည် မော်ကွန်းသည် ပေတစ်စောင်တစ်ဖွဲ့အနေဖြင့် သီးသန့်ရှာဖွေမတွေ့ရှိသေးပါ။ သံတော်ဆင့် မိုင်းခိုင်းမြို့စား၊ ပိဋကတ်တော်အုပ်မင်း မဟာသီရိဇေယသူပြုစုသည့် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာညွှန့်ပေါင်းကျမ်း၌ ကောက်နုတ်ဖော်ထားသည်ကိုသာ တွေ့ရသည်။ ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာညွှန့်ပေါင်းကျမ်းသည် မင်းတုန်းမင်း၏ အမိန့်နှင့်ပြုစုရသော ကျမ်းဖြစ်သည်။ ထိုကျမ်းနိဒါန်း၌ ကျမ်းပြုသူမိုင်းခိုင်းမင်းကြီးက "ရတနာပူရအဝမြို့တွင် သက္ကရာဇ် ၈၀၄ ခုနှစ် နန်းတက်သော ထူပါရုံစေတီ ဒါယကာ နရပတိကြီးမင်းလက်ထက်ကစ၍ ရှေးမင်းဧကရာဇ်တို့ လက်ထက် ရဟန်းပညာရှိ လူပညာရှိတို့စီကုံးရေးသားထားကြသည့် အရပ်ရပ်ပျို့ကဗျာ ချေင်း၊ မော်ကွန်း ရတုစက ပြည်ဖွဲ့မြို့ဖွဲ့နှင့် စပ်ဆိုင်သည်များကို ကောက်နှုတ်ရေးသားဆက်သွင်းစေ၊ သိကြားလက်နက် မိုးကြိုးစက်ရှိန်၊ ဝရဇိန်နှင့်တူသော ဘုရားအမိန့်တော်မြတ်ရှိသည်ကို ဦးထိပ်ထက်တင်ရွက်ရသည့်အတိုင်း သက္ကရာဇ် ၁၂၂၆ ခု ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့ သံတော်ဆင့် မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ်မင်း မဟာသီရိဇေယသူ ကောက်နှုတ်ရေးသားဆက်သွင်းသည့် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုဘုရား"ဟူ၍ ဖော်ပြထားသည်။ မင်းတုန်းမင်းကြီးအမိန့်အရ မိုင်းခိုင်းမင်းကြီးသည် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာများကိုစုရာတွင် ဦးထွန်းညိုရေးသားခဲ့သော အမရပူရရွှေနန်းတည်မော်ကွန်းကိုလည်း ကောက်နုတ်ဖော်ပြခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အမရပူရရွှေနန်းတည်မော်ကွန်းကို သီးသန့်ပေမူအနေဖြင့် မတွေ့ရသေးသော်လည်း မိုင်းခိုင်းမင်းကြီး၏ ကျေးဇူးကြောင့် မော်ကွန်းကို လေ့လာခွင့်ရခဲ့သည်။

**ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာညွှန့်ပေါင်းကျမ်းက မော်ကွန်း ၂၄ ပိုဒ်**

မိုင်းခိုင်းမင်းကြီး၏ ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာညွှန့်ပေါင်းကျမ်းတွင် ဦးထွန်းညို၏ အမရပူရရွှေနန်းတည်မော်ကွန်း ၂၄ ပိုဒ်ကောက်နုတ်ဖော်ပြထားသည်။ ကောက်နုတ်ဖော်ပြထားသည့်အကြောင်းကိုလည်း မိုင်းခိုင်းမင်းကြီးက "ယင်းတွင်းသင်းဝန်ဆို(ဦးထွန်းညိုကိုဆိုခြင်းဖြစ်သည်)ရတနာရောင်ရွှန်း၊ ယုဂန်စွန်းက၊ လေးကျွန်းအထိပ်၊ ပယ်နိုပ်ရန်လွှင့်၊ လဝန်းတင့်သို့၊ အစချီသည့် ဂီရေး၊ ကစ၊ ကာဆုံးဂုံရှိသည့် အမရပူရမြို့တည်နန်းတည်မင်းတရားရွှေနန်းတော်တည် မော်ကွန်းက ကောက်နှုတ်သည့် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာဘုရား" ဟူ၍ ဖော်ပြထားသည်။

မိုင်းခိုင်းမင်းကြီးသည် အမရပူရရွှေနန်းတည်မော်ကွန်းကို ၂၄ ပိုဒ်သာ ကောက်နုတ်ဖော်ပြထားသည်ဟု ဆိုထားသော်လည်း မော်ကွန်း ၂၄ ပိုဒ်ကိုလေ့လာကြည့်လျှင် ကောက်နုတ်ချက်တစ်ခုမဟုတ်ပါ။ မော်ကွန်းတစ်စောင်လုံးကို ဖော်ပြထားခြင်းသာဖြစ်နိုင်သည်။ မော်ကွန်းမှာ နိဒါန်း၊ အစလည်းပါရှိသကဲ့သို့ နိဂုံးအဆုံးတွင်လည်း "ရွှေနန်းတည်မော်ကွန်းပြီး၏" ဟူ၍ ဆိုထားသောကြောင့် မော်ကွန်းတစ်စောင်လုံး အပြည့်အစုံဟုဆိုနိုင်သည်။

**မော်ကွန်းပါအကြောင်းအရာများ**

အမရပူရရွှေနန်းတော်တည် မော်ကွန်းသည် "ရတနာရောင်ရွှန်း၊ ယုဂန်စွန်းက"ဟူသော စကားဖြင့် အစချီထားသည်။ မော်ကွန်းမှာ စာပိုဒ်ရေ ၂၄ ပိုဒ်ပါရှိသည်။ အမရပူရရွှေနန်းတည်မော်ကွန်းဆိုသည့်အတိုင်း အမရပူရမြို့တည်သည့် အခမ်းအနားကို ပြည့်စုံအောင်ဖွဲ့ဆိုထားသည်။ အမရပူရမြို့တည်မည့် မြေအနေအထား၊ မြို့တည်မည့်နေရာရှင်းလင်းခြင်း၊ နန်းတော်ရပ်သစ်ထူသည့်အကြောင်း၊ နန်းတော်အဆောင်ဆောင်များအကြောင်း၊ လွှတ်တော်၊ ရှေ့ရုံး၊ မြို့ရိုး၊ ကျုံး စသည့်တို့တည်ကြောင်းကို စေ့စပ်စွာရေးဖွဲ့ထားသည်။ မော်ကွန်းပိုဒ်ရေ ၂၃ နှင့် ၂၄ တွင် ဘိုးတော်ဗဒုံမင်း အမရပူရမြို့တော်နန်းတော်ကို တက်သိမ်းစံပယ်သည့်အကြောင်းနှင့် သားတော်ရခိုင်နိုင် အိမ်ရှေ့မင်းကြီးကို ထိမ်းမြားမင်္ဂလာလက်ထပ်သည့်အကြောင်းဖြင့် အဆုံးသတ်ထားသည်။

အမရပူရရွှေနန်းတည်မော်ကွန်းသည် အမရပူရရွှေနန်းတော်တည်သည့်အကြောင်းကို ရက်၊ လ၊ နှစ်နှင့် အတိအကျဖွဲ့ဆိုမှတ်တမ်းတင်ထားသည်။ မော်ကွန်းပိုဒ်ရေ ၇ တွင် ရွှေနန်းတော် ရပ်သစ်စိုက်ထူသည့်အကြောင်းကို-

"ထောင်နှစ်ပြည့်ကြွယ်၊ တရာကယ်သား
လေးဆယ့်လေးခု၊ ရတုဟေမ
ဝေါဟာရဖြင့်၊ မာသဆန်းထက်
ဆဲ့နှစ်ရက်တွင်၊ စဉ်၊ လက်သန့်စွာ
အင်္ဂါရက်မြတ်၊ နက္ခတ်ဆဲ့နှစ်
ကသစ်သုံးပွင့်၊ ခါသင့်ခြယ်ရွေး
သုတ်သင်ဆေး၍၊ မွှေးမွှေးမွှေ့ညက်
မျက်သပ်ချောသပ်၊ သစ်ယပ်အပြိုင်
ရွှေနန်းတိုင်ကို၊ လက်ကိုင်ပွေ့ကာ
ထူမည်မှာနှိုက်"ဟူ၍ ရပ်သစ်ထူသည့် နေ့ရက်ကို တိတိကျကျ ထည့်သွင်းဖွဲ့ဆိုထားသည်။

ဘိုးတော်ဗဒုံမင်းသည် အမရပူရရွှေနန်းတော်ကြီးတည်ပြီးသည့်အခါ နန်းတော်တက်သိမ်းစံပယ်သည့် အကြောင်းကိုလည်း မော်ကွန်းပိုဒ်ရေ ၂၃ ၌-

"တုဖက်မပြိုင်၊ ထွတ်ဆုံးတိုင်လျှင်၊ ထီးပိုင်စည်ရ၊
မင်းထိုမျှလည်း၊ တုပထွေးပြား၊ ဝတ်စားခင်းကျင်း၊
စီးနင်းဆောင်ရွက်၊ လိုက်ဖက်ညီအောင်၊ လက်ဆောင်မြင်းဆင်၊
ရင်ပြင်ရွှေနန်း၊ ငါးတန်ငါးသွယ်၊ ကြီးငယ်သီးသီး၊
ခန့်ရန်ပြီးသော်၊ မင်းထီးစကြာ၊ ကေရာသို့၊
ဗယ်ညာပြည့်လျှမ်း၊ မင်းခမ်းမင်းနား၊ အပါးပါးကို၊
ကျင်းထားစဉ်လျက်၊ ညောင်ရွက်လူလူ၊ ထီးဖြူရှစ်ဆိုင်၊
ဖွင့်ပြိုင်ကျည်းရှင်၊ ရွှေဥကင်ထက်၊ နတ်သွင်နှိုင်းတူ၊
စံတော်မူလျက်"ဟူ၍ ဖွဲ့ဆိုထားသည်။

အချုပ်ဆိုရလျှင် အမရပူရရွှေနန်းတော်တည် မော်ကွန်းသည် ဘိုးတော်ဗဒုံမင်း၏ အမရပူရမြို့တည် အခမ်းအနားကို ကဗျာလင်္ကာပုံစံဖြင့် မှတ်တမ်းတင်ထားသော မော်ကွန်းဖြစ်သည်။ ဤမော်ကွန်းသည် မော်ကွန်းစာပေတစ်ခုအနေဖြင့်လည်း တန်ဖိုးရှိသလို သမိုင်းမှတ်တမ်းတစ်ခုအနေဖြင့်လည်း တန်ဖိုးရှိသည်။ မော်ကွန်းကို ရေးဖွဲ့ခဲ့သူ ဦးထွန်းညိုသည် အမရပူရမြို့တည်နန်းတည် အခမ်းအနားကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသူဖြစ်သည်။ ကိုယ်တိုင်မြင်တွေ့ရသည်များကို မော်ကွန်းအဖြစ် ဖွဲ့ဆိုထားသောကြောင့် အမရပူရမြို့တည်နန်းတည် အခမ်းအနားအတွက် ခေတ်ပြိုင်မှတ်တမ်းတစ်စောင်ဖြစ်သည်။ ထို့ကြောင့် အမရပူရရွှေနန်းတည်မော်ကွန်းသည် သမိုင်းတန်ဖိုးကြီးမားသော ခေတ်ပြိုင်မော်ကွန်းတစ်စောင်ဟု အချုပ်အားဖြင့်ဆိုနိုင်ပါသည်။

> ❖ ဘိုးတော်ဗဒုံမင်းတည်ထားခဲ့သော အမရပူရမြို့တော်အကြောင်းကို စာဆိုအသီးသီးတို့သည် မော်ကွန်းရတု စသည့်ကဗျာလင်္ကာများဖွဲ့ဆို၍ မှတ်တမ်းတင်ခဲ့ကြသည်။ အမရပူရမြို့ဘွဲ့ရတု၊ အမရပူရမြို့တည်လင်္ကာ၊ အမရပူရမြို့ရွှေနန်းတည်မော်ကွန်း စသည်ဖြင့် မှတ်တမ်းများတွေ့ရသည်။ အမရပူရမြို့အကြောင်းဖွဲ့ဆိုသော ကဗျာများတွင် အမရပူရရွှေနန်းတည်မော်ကွန်းလည်း တစ်စောင်အပါအဝင်ဖြစ်သည်။ အမရပူရရွှေနန်းတည်မော်ကွန်းကို ရေးဖွဲ့ခဲ့သူမှာ ဦးထွန်းညိုဖြစ်သည်။ ❖

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၇၇၃၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**အရာတော် အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၇၇၃၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၃၇၀၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၇၇၃၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၂၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲတီစိမ်း ၁၃၇၀၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိအချိန်မှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၇၇၃၄ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းတွေ စိုက်ပျိုးချိန်မှာလဲ တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများပံ့ပိုးခြင်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းတို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

## ပေါင်းတည်မြို့နယ် သဖန်းပင်ဆိပ်ကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပေါင်းတည် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် သဖန်းပင်ဆိပ်ကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါင်းတည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများက သဖန်းပင်ဆိပ်ကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံနှုန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည်ပေ ၁၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ မြေနီခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၅၃ သန်းဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာ ကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သန္တာ**

## ချစ်ခြင်းခိုင်ကျည် ပွဲတော်ဆီ

\- အောင်အတိတ်ရယ်နှင့်
အောင်နိမိတ် ရင်မှာစွဲပါလို့
အောင်စိတ် အစဉ်သာကဲလျှင်ဖြင့်
ခွဲမဏ္ဍိုင် ခိုင်မာပြည့်ရပေမပေါ့
အသိတူမျှ ထပ်ဖော်ကာ ညင်သာစကားတွေနဲ့
ဝိဓူရဇာတ်တော်မှာ ထင်စွာကြားရပေလိမ့်
မင်္ဂလာတရားနဲ့ ပြည့်စုံစွာ။

\- ဆိုင်းအိုးစည် ဒိုးပတ် စွမ်းပကားငွဲပြင်
စန္ဒရားနဲ့ ရုပ်သေး
အရေးနဲ့ အဆိုစုံ
အမျိုးဂုဏ် မြှင့်တင်တေးတွေကလည်း
သီကြွေးကာ အားမာန်တက်
ကွက်စိပ်လည်းပါ။

\- ရိုင်းပင်းအား တည်ထောင်ပြုခဲ့တဲ့
တိုင်းရင်းသား ညီနောင်ထုတို့ရဲ့
ပြည်ထောင်စု အလှဆင်ယင်တဲ့
မြန်မာ့သဘင် အသွင်တင့်လိုက်ပုံက
အလှတွင် အယဉ်ဆင့်
ဝင့်ကြွားဘွယ့် အနုပညာ
ရှုချင်စရာ အံ့မခန်း။

\- အမှန်မယွင်း အဟောင်းဖွေရှာ
ဟန်လင်း တကောင်း အမွေပါ
သရေခေတ္တာရာ ဆင့်ကာဖြိုးပါလို့
အခြေအမြစ်မှာ ဝင့်ကာ မညှိုးပါဘူး
တို့ရိုးရာအခိုင်အခံ့ပေမို့
ကြိုင်သန့် ထုံကြည်ဝင်းဝေလို့
နိုင်ငံ့ဂုဏ်ရည် လင်းစေဖို့
ချစ်ခြင်းပြိုင် အနိုင်နွဲကြမယ်
ပွဲတော်သို့လှမ်း။ ။

**မြင်းမူမောင်နိုင်မိုး**

(၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဂုဏ်ပြုရေးဖွဲ့ပါသည်။)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယို မွမ်ဘိုင်းမြို့၌ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး



**မွမ်ဘိုင်း အောက်တိုဘာ ၂၁**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုသည် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဂျိုင်ရှန်ကာနှင့် မွမ်ဘိုင်းမြို့၌ အောက်တိုဘာ ၂၀ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မွမ်ဘိုင်းမြို့ ဆွေးနွေးပွဲ၌ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးနှင့် အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီးတို့သည် ကုန်သွယ်ရေး၊ စွမ်းအင်နည်းပညာ၊ ကာကွယ်ရေး ကဏ္ဍတို့၌ နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရန် ဆွေးနွေးခဲ့ကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

ထို့ပြင် အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံ ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ကို အပြီးသတ်ရယူရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးတို့သည် အောက်တိုဘာ ၂၀ ရက်က အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေသည့် ယူအေအီးနိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်အက်ဘ်ဒူလာဘင်ဇာယက်အယ်လ်နာယန်နှင့် တွေ့ဆုံ၍ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ကုန်သွယ်ရေး ဆွေးနွေးပွဲများ ပျက်ပြားခဲ့ပြီးနောက် အမေရိကန်အစိုးရသည် ၂၀၂၅ ခုနှစ် ဩဂုတ်လမှစ၍ အိန္ဒိယထုတ်ကုန်များအပေါ် ၅၀ ရာခိုင်နှုန်းထိ အခွန်စည်းကြပ် ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့ ရုပ်သိမ်းခဲ့သည့် ပြည်ဝင်ခွင့်ဗီဇာ ၃၀၀၀၀၀ ကျော်ထိရှိ

**ဝါရှင်တန် အောက်တိုဘာ ၂၁**

အမေရိကန် အစိုးရအဖွဲ့သည် သမ္မတဒေါ်နယ်ထရမ့်၏ သမ္မတရာထူး ဒုတိယသက်တမ်းအတွင်း အမေရိကန်ပြည်ဝင်ခွင့် ဗီဇာ ၃၀၀၀၀၀ ကျော်ကို ရုပ်သိမ်းခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၀ ရက် သတင်းများတွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လူဝင်မှု ကန့်သတ်ရေးလုပ်ငန်းစဉ်များကို ဖက်ဒရယ်အစိုးရက ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေချိန်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ဝင်ခွင့်ဗီဇာ ၃၀၀၀၀၀ ကျော်ကို ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းလုံခြုံရေးကို မြှင့်တင်ရန် ရည်ရွယ်၍ လူဝင်မှုကန့်သတ်ရေးနှင့် ပြန်လည်နှင်ထုတ်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နေခြင်း ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

သို့ရာတွင် အမေရိကန်အစိုးရ၏ လူဝင်မှုကန့်သတ်ရေးလုပ်ငန်းစဉ်သည် လုပ်ထုံးလုပ်နည်းများနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့ကို ချိုးဖောက်နေပြီး ဘေးကင်းလုံခြုံမှုမရှိသည့် ပတ်ဝန်းကျင်ကို ဖန်တီးနေကြောင်း လူ့အခွင့်အရေး အုပ်စုများက ဝေဖန်ထားသည်။

သမ္မတဒေါ်နယ်ထရမ့်အစိုးရက ပြန်လည်ရုပ်သိမ်းခဲ့သော ပြည်ဝင်ခွင့်ဗီဇာများထဲတွင် အစ္စရေး၏ ဂါဇာစစ်ရေးပဋိပက္ခကို ဆန့်ကျင်သည့် ပါလက်စတိုင်းလိုလားသူ နိုင်ငံခြားသား ဆန္ဒပြသမားများ လည်းပါဝင်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# ပြည်ပရောက် နယူးဇီလန်မဲဆန္ဒရှင်ပြည်သူများ အထွေထွေရွေးကောက်ပွဲအတွက် စတင်မဲပေးနိုင်

**ဝယ်လင်တန် အောက်တိုဘာ ၂၁**

ပြည်ပ၌ နေထိုင်သူ သို့မဟုတ် ပြည်ပသို့ အလည်အပတ်ရောက်နေသူ နယူးဇီလန်နိုင်ငံသားများ အနေဖြင့် ၂၀၂၆ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ယနေ့မှစ၍ ဆန္ဒမဲများပေးနိုင်ပြီဖြစ်ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ပြည်ပရောက် နယူးဇီလန်နိုင်ငံသားများအနေဖြင့် အဆိုပါ အထွေထွေရွေးကောက်ပွဲအတွက် ၎င်းတို့၏ ဆန္ဒမဲလက်မှတ်များကို တရားဝင်ရွေးကောက်ပွဲ ဝက်ဘ်ဆိုက်မှ တစ်ဆင့်ရယူ၍ ယင်းဝက်ဘ်ဆိုက်မှသာ မဲထည့်နိုင်ကြောင်း နယူးဇီလန် ရွေးကောက်ပွဲကော်မရှင်အကြီးအကဲ ကားလ်လီကွင်းစ်က ပြောကြားထားသည်။

ထို့ပြင် ပြည်ပရောက် နယူးဇီလန် နိုင်ငံသားများအနေဖြင့် ပင်လယ်ရပ်ခြား နေရာ ၆၄ ခုတို့၌ လူကိုယ်တိုင်မဲပေးနိုင်သကဲ့သို့ စာတိုက်မှတစ်ဆင့်လည်း မဲပေးနိုင်ကြောင်း ရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ထားသည်။

ပြည်ပရောက် နယူးဇီလန်မဲဆန္ဒရှင် အများဆုံးနိုင်ငံမှာ ဩစတြေးလျနိုင်ငံဖြစ်ရာ ထိုနိုင်ငံ၌ လူကိုယ်တိုင်မဲပေးနိုင်ရေးအတွက် မဲရုံ ၁၀ ရုံထိ နယူးဇီလန်အစိုးရက ဖွင့်လှစ်ထားသည်။

ယခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်ပရောက် နယူးဇီလန် နိုင်ငံသားများအနက် ဦးရေ၃၆၀၀၀ တို့က ဆန္ဒမဲပေးရန် စာရင်း ပေးသွင်းထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ယူကရိန်းနိုင်ငံရှိ သံရုံးမှ သံတမန်ဝန်ထမ်းအချို့ တောင်ကိုရီးယားပြန်လည်ရုပ်သိမ်းမည်

**ဆိုးလ် အောက်တိုဘာ ၂၁**

ယူကရိန်းနိုင်ငံရှိ တောင်ကိုရီးယားသံရုံးမှ သံတမန်ဝန်ထမ်းအချို့ကို ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၀ ရက်တွင်သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယား စစ်သုံ့ပန်းများကို တောင်ကိုရီးယားသို့ လွှဲပြောင်းပေးမှုကိစ္စနှင့် ပတ်သက်၍ နှစ်နိုင်ငံဆက်ဆံရေး တင်းမာနေချိန်တွင် ယူကရိန်းနိုင်ငံရှိ တောင်ကိုရီးယားသံရုံးမှ သံတမန်ဝန်ထမ်းအချို့ကို ပြန်လည်ရုပ်သိမ်းရန် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက စီစဉ်ထားခြင်းဖြစ်သည်။

စစ်မြေပြင်၌ ဖမ်းဆီးနိုင်ခဲ့သော မြောက်ကိုရီးယား စစ်သုံ့ပန်းနှစ်ဦးကို တောင်ကိုရီးယားနိုင်ငံသို့ လွှဲပြောင်းပေးခဲ့မှုကို ယူကရိန်းသမ္မတဇီလန်စကီးက ပြီးခဲ့သည့်လအတွင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် တောင်ကိုရီးယားနှင့် ယူကရိန်းတို့ကြား ဆက်ဆံရေး စတင်တင်းမာခဲ့သည်။

စစ်သုံ့ပန်းများ လွှဲပြောင်းပေးမှုကိစ္စကို တောင်ကိုရီးယားနိုင်ငံက လျှို့ဝှက်ချက်အဖြစ်ထားရှိခဲ့သော်လည်း ယူကရိန်းသမ္မတဇီလန်စကီးက ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပြောကြားခဲ့ပြီးဖြစ်သည်။

စစ်သုံ့ပန်းများ လွှဲပြောင်းမှုကိစ္စကို ပြောကြားခဲ့သည့်အတွက် တရားဝင် တောင်းပန်ရန် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က ယူကရိန်းအစိုးရကို တောင်းဆိုထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဆန္ဒပြပွဲများကို ထိန်းချုပ်ရေးအတွက် လက်နက်ကိုင်တပ်များဖြင့် ရဲတပ်ဖွဲ့ကို အင်အားဖြည့်ရန် ပြင်သစ်အစိုးရစီစဉ်

**ပဲရစ် အောက်တိုဘာ ၂၁**

အောက်တိုဘာ ၂၄ ရက်တွင် ပြုလုပ်မည့် အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ ထိန်းချုပ်ရေးအတွက် ရဲတပ်ဖွဲ့ကို ကူညီရန် လက်နက်ကိုင် တပ်ဖွဲ့များဖြင့် အင်အား ဖြည့်တင်းပေးမည်ဟု ပြင်သစ်အစိုးရက အောက်တိုဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



ထို့ပြင် အောက်တိုဘာ ၁၇ ရက် ဆန္ဒပြပွဲများနှင့်အတူ ပေါ်ပေါက်ခဲ့သည့် အကြမ်းဖက်မှုများကို တုံ့ပြန်ရေးအတွက် ပျက်ကွက်ခဲ့ကြောင်းလည်း ပြင်သစ်အစိုးရက ဝန်ခံထားသည်။

အောက်တိုဘာ ၁၇ ရက် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများအတွင်း ပဲရစ်မြို့၊ မာဆေးလ်မြို့၊ လိုင်ယွန်မြို့နှင့် အခြားမြို့ကြီးတို့၌ အကြမ်းဖက်မှုများနှင့် လုယက်မှုများဖြစ်ပွားခဲ့သည်။

သို့ဖြစ်ရာ အောက်တိုဘာ ၂၄ တွင် ပေါ်ပေါက်နိုင်ဖွယ်ရှိသော ဆန္ဒပြပွဲများကို ထိန်းချုပ်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင် အင်အားကို အလုံးအရင်းဖြင့် ဖြန့်ကြက်မည် ဖြစ်ကြောင်း ပြင်သစ်ဝန်ကြီးချုပ် လီကော်နူးက ပြောကြားထားသည်။

ပြင်သစ်မြို့ကြီးများ၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများနှင့် လုယက်မှုများအတွက် လက်ဝဲနိုင်ငံရေးအုပ်စုများကို ပြင်သစ်ဝန်ကြီးချုပ်လီကော်နူးက အပြစ်တင်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဗြိတိန်နိုင်ငံက ကမ္ဘာပတ်လမ်းပေါ်ရှိ အာကာသအမှိုက်များ ရှင်းလင်းရေး စက်ရုပ်ခြေသည်းပါသော ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ရန်ပြင်ဆင်နေ



**လန်ဒန် အောက်တိုဘာ ၂၁**

ကမ္ဘာပတ်လမ်းပေါ်ရှိ အာကာသအမှိုက်များ ရှင်းလင်းရေး လုပ်ငန်းစဉ်အရ သိမ်းငှက်ခြေသည်းကဲ့သို့သော ရောဗော့စက်ရုပ်ခြေသည်းများပါရှိသည့် ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ရန် ဗြိတိန်နိုင်ငံက ပြင်ဆင်နေကြောင်း အောက်တိုဘာ ၂၀ ရက် သတင်းများတွင်ရေးသားဖော်ပြထားသည်။

Space Binman ဟုနာမည်ပေးထားသည့် အဆိုပါဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းပေါ်ရှိသက်မဲ့ဂြိုဟ်တုများကို ခြေရာခံရှာဖွေ၍ စက်ရုပ်လက်တံများဖြင့် ဆွဲယူကာ ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်သည်။

သက်မဲ့ဂြိုဟ်တုများကို မြဲမြံစွာ ချိတ်ဆွဲနိုင်ရေးအတွက် Space Binman ဂြိုဟ်တုတွင် ခြေသည်းများနှင့် အလားတူသည့် စက်ရုပ်လက်တံများ တပ်ဆင်ထားကြောင်း သိရသည်။

ဗြိတိန်အာကာသ နည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သည့် Clear Space ကုမ္ပဏီက တည်ဆောက်ထားသည့် အဆိုပါ ဂြိုဟ်တုသည် လောင်စာရည်ပြန်လည်ဖြည့်တင်းနိုင်သည့် ဂြိုဟ်တုအမျိုးအစားဖြစ်ကြောင်း သိရသည်။

Space Binman ဂြိုဟ်တုကို ၂၀၂၈ ခုနှစ်တွင် စကော့တလန်နိုင်ငံ ဆာရှာဖော့ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် Clear Space ကုမ္ပဏီက စီစဉ်ထားသည်။

လွှတ်တင်ပြီးချိန်တွင် ကနဦးပစ်မှတ်များအဖြစ် ဗြိတိန်သက်မဲ့ဂြိုဟ်တုနှစ်စင်းကို ကမ္ဘာပတ်လမ်းပေါ်မှ စတင်ဖယ်ရှားရန် ကြိုးပမ်းမည်ဖြစ်ကြောင်း Clear Space ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# ခြေထောက်များ မငြိမ်မသက်ဖြစ်မှုရောဂါကို ကုထုံးသစ်တစ်မျိုးဖြင့် ကုသနိုင်မည်

**လန်ဒန် အောက်တိုဘာ ၂၁**

ဗြိတိန်နိုင်ငံ၌ ခြေထောက်များ မငြိမ်မသက် ဖြစ်မှုရောဂါ (Restless Legs Syn-drome)အတွက် ကုထုံးသစ်တစ်မျိုးဖြင့် ကုသနိုင်တော့မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Restless Legs Syndrome (RLS) ရောဂါခံစားနေရပါက အိပ်စက်ရန် ခက်ခဲမှုပြဿနာနှင့်ရင်ဆိုင်ရတတ်ပြီး ၎င်းရောဂါကို Ni-dra ခေါ် ကိရိယာတစ်မျိုးဖြင့် ကုသနိုင်ကြောင်း သိရသည်။

Nidra ကိရိယာသည် ခြေထောက်အတွင်းရှိ အာရုံနာဗ်ဆဲလ်များဆီသို့ အပျော့စားလျှပ်စီးကြောင်းများ ပို့လွှတ်ပေးခြင်းဖြင့် ဆေးဝါးအကူအညီမလိုဘဲ RLS ရောဂါလက္ခဏာများကို လျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Nidra ကိရိယာကို ဒူးခေါင်းအောက်၌ မိနစ် ၃၀ ကြာ တပ်ဆင်ပေးထားခြင်းဖြင့် အိပ်ရာဝင်ချိန်တွင် RLS လူနာများ၌ ဒီရောဂါလက္ခဏာများ သက်သာလာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

RLS ရောဂါသည် ညပိုင်းကာလများ၌ ခြေထောက်အတွင်း မသက်မသာခံစားမှုတစ်မျိုးပေါ်ထွက်လာပြီး ခြေထောက်များ လှုပ်ရှားချင်စိတ် ထိန်းမရအောင်ပေါ်လာတတ်သည်။

ရောဂါအခြေအနေ ဆိုးရွားပါက ခံစားရသူများမှာ ညပိုင်းအိပ်စက်ရန် ခက်ခဲလာတတ်ပြီး နောက်ဆက်တွဲအဖြစ် စိတ်ကျန်းမာရေးပြဿနာများ ပေါ်လာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

# ဂျပန်အမျိုးသားအာကာသအေဂျင်စီက အင်္ဂါဂြိုဟ်ရံလများကိုလေ့လာမည့် MMX အာကာသယာဉ်ကို အောင်မြင်စွာလွှတ်တင်

**တိုကျို အောက်တိုဘာ ၂၁**

ဂျပန်အမျိုးသား အာကာသအေဂျင်စီသည် အင်္ဂါဂြိုဟ်ရံလများကို လေ့လာမည့် MMX အာကာသယာဉ်ကို အောက်တိုဘာ ၂၀ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဂျပန်အမျိုးသား အာကာသအေဂျင်စီသည် MMX အာကာသယာဉ်ကို တာနီဂါရှီးမား အာကာသစခန်း ပစ်စင်အမှတ်-၂ မှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၇၁ မိနစ်အကြာတွင် MMX အာကာသယာဉ်သည် အိတ်ချ်-၃ ဒုံးပျံမှ အောင်မြင်စွာ ခွာထွက်၍ ကမ္ဘာပတ်လမ်းလမ်းကြောင်းပေါ် ရောက်ရှိခဲ့ပြီး အင်္ဂါဂြိုဟ်ခရီးစဉ်ကို စတင်နိုင်ခဲ့ကြောင်း သိရသည်။

MMX အာကာသယာဉ်သည်




၁၀ လကြာ ဆက်လက်ပျံသန်းပြီးနောက် ၂၀၂၇ ခုနှစ် ဩဂုတ်လတွင် အင်္ဂါဂြိုဟ်ဆီသို့ ရောက်ရှိမည်ဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါအာကာသယာဉ်သည် ၂၀၃၁ ခုနှစ်တွင် အင်္ဂါဂြိုဟ်၏ ဖိုဘော့ဂြိုဟ်ရံလပေါ်သို့ ဆင်းသက်၍ ကျောက်သားနမူနာများ ရယူမည်ဖြစ်ပြီး ကမ္ဘာဂြိုဟ်ပေါ်သို့ ပြန်လည် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

MMX အာကာသယာဉ် မစ်ရှင်သည် ကိုယ်ထည်အလျား ၂၀၇ ပေ (၆၃ မီတာ) ရှိသည့် အိတ်ချ်-၃ ဒုံးပျံများအတွက် ၁၀ ကြိမ်မြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ကင်ဆာလူနာများ အသက်ရှင်နိုင်ခွင့်ခန့်မှန်းနိုင်သော AI ဆော့ဝဲကို သုတေသနပညာရှင်များဖန်တီးထား

**နယူးယောက် အောက်တိုဘာ ၂၁**

မျက်နှာကို ဓာတ်ပုံရိုက်ပေးရုံဖြင့် ကင်ဆာလူနာများ၏ အသက်ရှင်နိုင်ခွင့်အလားအလာကို ခန့်မှန်းပေးနိုင်သော လူ့ဉာဏ်ရည်တုနည်းပညာ (AI)ဆော့ဝဲတစ်မျိုးကို အမေရိကန် သုတေသနပညာရှင်များက ဖန်တီးထားကြောင်း အောက်တိုဘာ ၂၀ ရက် သတင်းများတွင်ရေးသားဖော်ပြထားသည်။

အဆိုပါ AIဆော့ဝဲကို မက်ဆာချူးဆက်ပြည်နယ် မက်ဂျင်နရယ် ဘရစ်ဟမ်ဆေးရုံကြီးမှ အမေရိကန်ဆေးပညာရှင်များက ဖန်တီးထားခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာစမ်းသပ်မှုများအရ အဆိုပါ AI ဆော့ဝဲသည် ကင်ဆာရောဂါစစ်ဆေးတွေ့ရှိထားရသည့် လူနာ၏ ဇီဝသက်တမ်းနှင့် အသက်ရှင်နိုင်ခွင့်အလားအလာတို့ကို တိုက်ရိုက်ခန့်မှန်းပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အဆိုပါ AI ဆော့ဝဲကို လူမျက်နှာဓာတ်ပုံပေါင်း သန်း ၄၀ ကျော်မှရရှိသော အချက်အလက်များဖြင့် လေ့ကျင့်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ AI ဆော့ဝဲတွင် FAHR- Face Age နှင့် FAHR- Face Survival ဟူသော နည်းပညာနှစ်ရပ် ထည့်သွင်းထားရာ FAHR-Face Age သည် လူနာ၏ဇီဝသက်တမ်းကို ခန့်မှန်းပေးပြီး FAHR- Face Survival ကမူ လူနာ၏အသက်ရှင်နိုင်ခွင့်အလားအလာကို ခန့်မှန်းပေးကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO



# နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က NGC 1827 ခရုပတ်ခွေကြယ်စုအနားစွန်းကို ဓာတ်ပုံများရိုက်ကူးခဲ့

**ဝါရှင်တန် အောက်တိုဘာ ၂၁**

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်သည် NGC 1827 အမည်ရှိ ခရုပတ်ခွေကြယ်စု၏ အနားစွန်းကို ဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း အောက်တိုဘာ ၂၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်က ရိုက်ကူးခဲ့သော ဓာတ်ပုံများထဲတွင် NGC 1827 ကြယ်စုချပ်ဝန်းလွှာတစ်လျှောက်ရှိ အပြာရောင်အာကာသနယ်မြေများကို တွေ့မြင်နိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါအပြာရောင်အာကာသနယ်မြေများသည် ကြယ်သစ်များဖွဲ့စည်းဖြစ်ပေါ်နေသည့် နယ်မြေများဖြစ်သည်ဟု နာဆာသိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

NGC 1827 ကြယ်စုသည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၃၇ သန်းအကွာတွင်တည်ရှိသည့် ခရုပတ်ခွေကြယ်စုဖြစ်ကြောင်းလည်း သိရသည်။

ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်သည် နဂါးငွေ့တန်းကြယ်စုနှင့် ပုံစံချင်းတူသောကြယ်စုကြီးပေါင်း ၂၂ ခု၏ ပတ်ပတ်လည်၌ တည်ရှိသည့် အရန်ကြယ်စု ၂၆၀ ကို လေ့လာရေး အစီအစဉ်အရ NGC 1827 ကြယ်စုကို ဓာတ်ပုံများ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်သည် အဆိုပါ အရန်ကြယ်စု ၂၆၀ အနက် ၁၁၁ ခုတို့ကို လေ့လာစူးစမ်းထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## Polytron Kudus Indonesia Masters ကြက်တောင်ရိုက်ပြိုင်ပွဲ ၁၆ ဦး ရှုံးထွက်အဆင့်ကို မြန်မာနိုင်ငံမှ ဟိန်းထွဋ် တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၂၁**

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပနေသည့် Polytron Kudus Indonesia Masters ကြက်တောင်ရိုက်ပြိုင်ပွဲ ၃၂ဦး ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့တွင် မြန်မာကြက်တောင်ရိုက်ကစားသမား ဟိန်းထွဋ်နှင့် စင်ကာပူကြက်တောင်ရိုက်ကစားသမား Jia Wei Joel တို့ကစားခဲ့ရာ ဟိန်းထွဋ်က နှစ်ပွဲပြတ်ဖြင့် အနိုင်ရပြီး ၁၆ဦး ရှုံးထွက်အဆင့်ကို တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဟိန်းထွဋ်သည် ၆၄ ဦးရှုံးထွက်အဆင့်မှ စတင်ကစားခဲ့ရပြီး ၆၄ ဦးရှုံးထွက်အဆင့်တွင်လည်း ထိုင်းကြက်တောင်ရိုက်ကစားသမား Utchan Ruaysap နှင့်ကစားခဲ့ရာ (၁၅-၂၁)၊ (၂၁-၁၅)၊ (၂၁-၈) ရလဒ်ဖြင့် အနိုင်ရပြီး ၃၂ ဦး ရှုံးထွက်အဆင့်တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဟိန်းထွဋ်သည် ၃၂ ဦး ရှုံးထွက်အဆင့်တွင် စင်ကာပူကစားသမားကို ဖိအားပေးကစားခဲ့ရာ ပထမပွဲငယ်တွင် (၂၁-၁၃) ရလဒ်ဖြင့် အနိုင်ရခဲ့သကဲ့သို့ ဒုတိယပွဲငယ်တွင်လည်း (၂၁-၁၂) ရလဒ်ဖြင့် ထပ်မံအနိုင်ရပြီးနောက် ၁၆ဦး ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် Polytron Kudus Indonesia Masters ကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာကြက်တောင်ရိုက်မယ် သက်ထားသူဇာသည်လည်း ဝင်ရောက်ကစားခဲ့ရာ မလေးရှား ကြက်တောင်ရိုက်မယ် Shan zi ကို ရှုံးနိမ့်ပြီး လက်ရည်စစ်အဆင့်မှ ထွက်ခွာခဲ့ရကြောင်း သိရသည်။ **STA**

## AFC Challenge League ပြိုင်ပွဲ အုပ်စု(D) အုပ်စုဒုတိယပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက Kasuka အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရ



**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် AFC Challenge League ပြိုင်ပွဲ အုပ်စု (D) အုပ်စုဒုတိယပွဲစဉ်အဖြစ် ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဘရူနိုင်းကလပ် Kasuka အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ပွဲစကတည်းက ဖိအားပေးကစားခဲ့ပြီး ပွဲချိန် ၃၄ မိနစ်တွင် Nanitelamio နှင့် ပွဲချိန် ၄၄ မိနစ်တွင် Edson JR တို့က ရှမ်းယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးနှစ်ဂိုး သွင်းယူခဲ့ပြီးနောက် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် Kasuka အသင်း၏ ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းက အနိုင်ရလဒ်ကိုထိန်းချုပ်ကစားခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက Kasuka အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းသည် AFC Challenge League ပြိုင်ပွဲ၌ အုပ်စုနှစ်ပွဲကစားပြီးချိန်အုပ်စုပထမပွဲစဉ်အဖြစ် တရုတ်(တိုင်ပေ)ကလပ် Hang Yuen FC အသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒုတိယပွဲစဉ်တွင် Kasuka အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **STA**

## LFC အဖွဲ့ချုပ်က LFC1 Lethwei Fight Championship ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် တွဲဆိုင်းများအားလုံးကို ထုတ်ပြန်




**ရန်ကုန် အောက်တိုဘာ ၂၁**

LFC အဖွဲ့ချုပ်က ပထမဆုံးအကြိမ် ကျင်းပမည့် LFC1 Lethwei Fight Championship ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် တွဲဆိုင်းများအားလုံးကို ယနေ့တွင် ထုတ်ပြန် ကြေညာခဲ့ကြောင်း သိရသည်။

LFC1 Lethwei Fight Championship ပြိုင်ပွဲကို လာမည့် နိုဝင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး စုစုပေါင်းတွဲဆိုင်း ကိုးဆိုင်း ပါဝင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့်ကိုးဆိုင်းတွင် ရှစ်ဆိုင်းမှာ မြန်မာလက်ဝှေ့သမားများနှင့် ပြည်ပ လက်ဝှေ့သမားများ၏ တွဲဆိုင်းများဖြစ်ပြီး ကျန်တစ်ဆိုင်းမှာ ပြည်တွင်းကစားသမားများ ထိုးသတ်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပွဲစဉ်(၁) အဖြစ် မေသဇင်ထူးနှင့် ဗြိတိန်လက်ဝှေ့မယ် အက်ရှ်ဖီး၊ ပွဲစဉ်(၂) အဖြစ် ဒေါင်းမိုက်သွေးနှင့် ထိုင်းလက်ဝှေ့သမား ဘန်ဒါဆက်၊ ပွဲစဉ်(၃)အဖြစ် ထိုင်းလက်ဝှေ့သမားဖရန်ကီနှင့် သွေးသစ်မောင်၊ ပွဲစဉ်(၄)အဖြစ် နိုင်ဝင်းထွန်းနှင့် အမေရိကန် လက်ဝှေ့သမား ဆမ်မြူရယ်၊ ပွဲစဉ်(၅)အဖြစ် စိုးမိုးဇော်နှင့် ထိုင်းလက်ဝှေ့သမား ပွန်ပီဆန်၊ ပွဲစဉ်(၆)အဖြစ် နော်ဥမ္မာစိုးနှင့် ပြင်သစ်လက်ဝှေ့မယ် စင်ဒီ၊ ပွဲစဉ်(၇) အဖြစ် ကညောခွားနှင့် ရဲလင်းဦး၊ ပွဲစဉ်(၈)အဖြစ် ထွန်းမင်းအောင်နှင့် အီရန်လက်ဝှေ့သမားမီရာဇာရန်၊ အဓိကတွဲဆိုင်း ပွဲစဉ်(၉) အဖြစ် ရွှေရာမာန်နှင့် အမေရိကန်လက်ဝှေ့သမား ဝီလီယံတို့ ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။ **STA**

## ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပီအက်စ်ဂျီအသင်းက ဘာစီလိုနာအသင်းကိုအနိုင်ရပြီး ဘာစီလိုနာအသင်း ယခုနှစ်ပထမဆုံး ရှုံးပွဲကြုံတွေ့

**ပဲရစ် အောက်တိုဘာ ၂၁**

ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက ကစားခဲ့ရာ ပီအက်စ်ဂျီအသင်းက အိမ်ကွင်းတွင် ဘာစီလိုနာအသင်းကို လေးဂိုး နှစ်ဂိုးဖြင့်အနိုင်ရပြီးနောက် ဘာစီလိုနာအသင်းအတွက် ယခုနှစ်ဘောလုံးရာသီ ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၈ မိနစ်တွင် ဒူယီ၊ ပွဲချိန် ၇၂ မိနစ်တွင် ဟာနန်ဒက်၊ ပွဲချိန် ၈၁ မိနစ်တွင် ဗီတင်ဟာ၊ ပွဲချိန် ၈၆ မိနစ်တွင်ဖေဘီယန်ရုဇ်တို့ သွင်းယူခဲ့ပြီး ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၅ မိနစ်တွင် အက်စ်ပက်နှင့် ပွဲချိန် ၇၉ မိနစ်တွင် လမိုင်းယာမယ်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာ အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းနှင့်ပွဲစဉ်မတိုင်မီက ရှုံးပွဲမရှိခဲ့ဘဲ စပိန်လာလီဂါပြိုင်ပွဲတွင် ကိုးပွဲကစားပြီးကိုးပွဲလုံး အနိုင်ရခဲ့သကဲ့သို့ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း နှစ်ပွဲကစားပြီး နှစ်ပွဲ အနိုင်ရခဲ့သော်လည်း ပီအက်စ်ဂျီအသင်းနှင့် ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သည့်အတွက် ယခုနှစ် ဘောလုံးရာသီ ပထမဆုံး ရှုံးပွဲ စတင်ကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) အခြားပွဲစဉ်များတွင် ဒေါ့မွန်အသင်းက ဆာဘတ်အသင်းကို နှစ်ဂိုး တစ်ဂိုး၊ ပီအက်စ်ဗွီအသင်းက ပေါ်တိုအသင်းကို တစ်ဂိုး ဂိုးမရှိ၊ လီဗာပူးအသင်းက ဗီလာရီးရဲလ်အသင်းကို လေးဂိုးသုံးဂိုး၊ မန်စီးတီးအသင်းက အေအီးကေအသင်းကို ငါးဂိုး တစ်ဂိုး၊ ရီးမားအသင်းက ဆလိုဗန်အသင်းကို လေးဂိုး ဂိုးမရှိ၊ နာပိုလီအသင်းက ဘိုဒိုဂလင့်အသင်းကို လေးဂိုး သုံးဂိုးဖြင့်အနိုင်ရခဲ့ပြီး စတုဂတ်အသင်းနှင့် အေတီကိုအသင်းတို့ ပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်၊ ဖီနာဘာချီအသင်းနှင့် ဆလားဗီးယားပရပ်အသင်းတို့ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်ထိ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားဖိတ်ခေါ် တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက်မှ ၂၇ရက်ထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားများအဖြစ် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲ၊ ပထမတန်း အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲ၊ ဒုတိယတန်း အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၅၀ နှင့်အထက် အမျိုးသား အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၆၀ နှင့်အထက် အမျိုးသားအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲများ ထည့်သွင်း ကျင်းပမည်ဖြစ်သည်။

ထို့ပြင် လူငယ်တန်းပြိုင်ပွဲများအဖြစ် အသက် ၁၂ နှစ်အောက် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၄ နှစ်အောက် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၆နှစ်အောက်အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတို့ကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဝင်ရောက်လိုသူများသည် အောက်တိုဘာ ၂၂ရက်နောက်ဆုံးထားပြီး စာရင်းပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း 09-972721901 ထံ ဆက်သွယ် မေးမြန်းနိုင်မည်ဖြစ်ကြောင်းသိရသည်။ **STA**

# အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်ရှိ ဂရိတ်စစ်ကင်မီးတောင် ပေါက်ကွဲရာမှ ပြာမှုန်များလွင့်ပျံ့ပြီး ချော်ရည်များစီးဆင်းနေ



**ဝါရှင်တန် အောက်တိုဘာ ၂၂**

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်ရှိ အလက်ယူရှန်ကျွန်းစုအတွင်း တည်ရှိသော ဂရိတ်စစ်ကင်မီးတောင် အောက်တိုဘာ ၂၀ ရက်က ပေါက်ကွဲခဲ့ရာ ပြာမှုန်များလွင့်ပျံ့ပြီး ချော်ရည်များ စီးဆင်းနေကြောင်း အလက်စကာ မီးတောင် လေ့လာရေးစင်တာက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

မီးတောင်ဝန်းကျင်၌ လျှင်ငယ်များလှုပ်ခတ်ခဲ့ပြီးနောက် ယခုကဲ့သို့ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ မီးတောင် ပေါက်ကွဲမှုကြောင့် ကျောက်တုံးများ ပြိုကျခဲ့ပြီး ချော်ရည်များလည်း စီးဆင်နေကြောင်း၊ ပြာမှုန်များကြောင့် မီးတောင်ဝန်းကျင်တွင် လေထုညစ်ညမ်းနေကြောင်း သိရသည်။

လက်ရှိတွင် မီးတောင်သတိပေးချက်အပြင် ပြာမှုန်များသည် လေယာဉ်အင်ဂျင်၊ လေကြောင်းတိုင်းတာရေး ကိရိယာများနှင့် လေယာဉ်၏ အခြားအစိတ်အပိုင်းများကို ထိခိုက်စေနိုင်ပြီး လေကြောင်းသွားလာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်သဖြင့် လိမ္မော်ရောင် လေကြောင်းအန္တရာယ် သတိပေးချက်ကိုလည်း ထုတ်ပြန်ထားကြောင်း၊ ဂရိတ်စစ်ကင်မီးတောင်သည် ထပ်မံပေါက်ကွဲနိုင်သဖြင့် အာဏာပိုင်များက ဒေသခံပြည်သူများ၊ ခရီးသွားများနှင့် တောင်တက်သမားများကို မီးတောင်အနီးဝင်ရောက်ခြင်း မပြုကြရန် သတိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဆော်လမွန်ကျွန်းနိုင်ငံတွင် မိုးခေါင်မှုဖြင့် ရင်ဆိုင်ရနိုင်သောကြောင့် ကြိုတင်ပြင်ဆင်ရန် အစိုးရက သတိပေးထား

**ဟိုနီယာရာ အောက်တိုဘာ ၂၂**

ဆော်လမွန်ကျွန်းနိုင်ငံတွင် မိုးခေါင်မှုဖြင့် ရင်ဆိုင်ရနိုင်သောကြောင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားရန် အစိုးရက သတိပေးထားကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် မိုးလေဝသဝန်ကြီးဌာန(MECDM)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်ရေရှားပါက ပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ရေသိုလှောင်ခြင်းများနှင့် ရေချွေတာသုံးစွဲသွားကြရန်၊ မိုးခေါင်မှုသည် ဆော်လမွန်ကျွန်းနိုင်ငံအတွက် ဆိုးရွားသည့်သဘာဝဘေးအန္တရာယ် ဖြစ်လာနိုင်သဖြင့် ကြိုတင်ပြင်ဆင်မှုများ အားကောင်းရန်လိုအပ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် မိုးလေဝသဝန်ကြီးဌာန ဝန်ကြီး ဒေးဗစ်ဟီရီယာစီယာက ပြောကြားခဲ့သည်။

"မကြာမီ ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ရေရှားမှုနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ မိုးခေါင်ရေရှားမှုကို ရင်ဆိုင်ဖို့အတွက် ပြည်သူတွေအနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ထားဖို့ လိုအပ်လိမ့်မယ်။အထူးသဖြင့် သောက်သုံးရေပြတ်လပ်မှုမရှိစေဖို့ ဦးစားပေးပြင်ဆင်သင့်ပါတယ်။ ကျွန်တော်တို့အစိုးရတွေအနေနဲ့ ရေထုအရင်းအမြစ်တွေ ခန်းခြောက်မှုမရှိစေဖို့အတွက် ပြင်ဆင်ဆောင်ရွက်နေပါတယ်။ ရေသိုလှောင်တာတွေကိုလဲ စတင်ဆောင်ရွက်နေပါတယ်။ ဆိုးရွားတဲ့ သဘာဝဘေးအန္တရာယ်တစ်ရပ်ကို ရင်ဆိုင်နိုင်ဖို့အတွက် အားလုံးပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ပါတယ်"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် မိုးလေဝသဝန်ကြီးဌာန ဝန်ကြီး ဒေးဗစ်ဟီရီယာစီယာက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့တွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရ

**ရီယာဒ် အောက်တိုဘာ ၂၂**

ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေသဖြင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း ဆော်ဒီအာရေဗျ အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မက္ကာမြို့၏ အဓိကဆက်သွယ်သွားလာရေးလမ်းမကြီး ပြတ်တောက်နေပြီး မက္ကာမြို့ရှိ ကုန်းနိမ့်ပိုင်းဒေသများတွင် နေထိုင်သည့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားသကဲ့သို့ ကယ်ဆယ်ရေးဝန်ထမ်းများကလည်း ဘေးလွတ်ရာရွှေ့ပြောင်းနေရသော ဒေသခံများကို ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးလျက်ရှိကြောင်း၊ မော်တော်ယာဉ် တချို့မှာလည်း ရေစီးနှင့်အတူ မျောပါသကဲ့သို့ မိုးရေချိန်မြင့်မားနေဆဲဖြစ်သည့်အတွက် ရေကြီးရေလျှံမှု ပိုဆိုးရွားလာနိုင်ကြောင်း ဆော်ဒီအာရေဗျ အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"မက္ကာမြို့မှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး နာရီပိုင်းအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်နေပါတယ်။ ရေနုတ်မြောင်းစနစ်တွေ ပျက်စီးယိုယွင်းနေတဲ့အတွက် ကုန်းနိမ့်ပိုင်းတွေမှာ မိုးရွာပြီးရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဓိက ဆက်သွယ်သွားလာရေး လမ်းမကြီးတွေ ရေလွှမ်းနေတဲ့အတွက် ယာယီပိတ်ထားရပါတယ်။ ကုန်းနိမ့်ပိုင်းဧရိယာတွေမှာ လူနေအိမ်တွေ ရေမြုပ်နေတဲ့အတွက်ဒေသခံတွေကိုဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေကလဲ ကူညီပေးနေပါတယ်။ ရေစီးသန်တဲ့အတွက် ရေစီးနဲ့အတူ ကလေးငယ်သုံးယောက် မျောပါခဲ့ပါတယ်။ တစ်ယောက်ကတော့ သေဆုံးသွားခဲ့ပြီး နှစ်ယောက် ပျောက်ဆုံးနေပါတယ်။ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံအရေအတွက်ကို စိစစ်နေဆဲဖြစ်ပါတယ်" ဟု ဆော်ဒီအာရေဗျနိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



Ref : Sputnik News
Trs : Sai Sat

# ဗာနေတူနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့

**ပို့ဗီလာ အောက်တိုဘာ ၂၂**

ဗာနေတူနိုင်ငံ ဗာနေတူကျွန်းစုအနီးတွင် အောက်တိုဘာ ၂၀ ရက်က ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးအဖွဲ့(USGS)၏ ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

ငလျင်သည် အောက်တိုဘာ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီ မိနစ် ၂၀ ခန့်တွင် လှုပ်ခတ်ခဲ့ပြီး ငလျင်ဗဟိုချက်သည် ဗာနေတူနိုင်ငံ ပို့တ်အိုလ်ရီသေ၏ အနောက်မြောက်ဘက် ၁၈၇ ကီလိုမီတာခန့် အကွာကိုဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်၏အနက်မှာ ၁၆ ကီလိုမီတာခန့်ရှိကြောင်း သိရသည်။

ပစိဖိတ်ဆူနာမီ သတိပေးရေးစင်တာ၏ ထုတ်ပြန်ချက်အရ အဆိုပါငလျင်ကြောင့် ဆူနာမီဖြစ်ပေါ်နိုင်ခြေမရှိကြောင်း၊ သို့သော် နောက်ဆက်တွဲ ငလျင်ငယ်များ ထပ်မံလှုပ်ခတ်နိုင်ကြောင်း သိရသည်။

လက်ရှိတွင် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူသေဆုံးမှုမရှိသော်လည်း လူနေအိမ်နှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ပြီး ထိခိုက်ပျက်စီးမှု အခြေအနေနှင့် ပျက်စီးမှုတန်ဖိုးကိုမူ စိစစ်ဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ



# အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေ

**ဂျကာတာ အောက်တိုဘာ ၂၂**

အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုမှထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေကြောင်း ပါလန်ဂါရာယာတက္ကသိုလ်မှ သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေထုညစ်ညမ်းမှုများကြောင့် ကလေးငယ်အများစုမှာ နံနက်အိပ်ရာထချိန်နှင့် ညအိပ်ချိန်တို့တွင် အဆက်မပြတ်ချောင်းဆိုးခြင်းများဖြစ်ပေါ်နေပြီး လေထုညစ်ညမ်းမှုမှာ မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင်လည်း ဖြစ်ပေါ်နေကြောင်း၊ ယခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုအကြိမ်ရေအရေအတွက် အမြားဖြစ်ပေါ်ခဲ့သကဲ့သို့ တောမီးကြောင့် ပျက်စီးမှုနှုန်းလည်းမြင့်မားခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုကိုလျှော့ချနိုင်မှသာ လေထုညစ်ညမ်းမှုကို လျှော့ချနိုင်မည်ဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်သွားသင့်ကြောင်း သိရသည်။

"ဒီနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံမှာ တောမီးလောင်ကျွမ်းမှုဟာ အကြိမ်ရေမြင့်မားခဲ့တယ်။ တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုနှုန်းလဲများခဲ့တယ်။ အဆိုးရွားဆုံးကတော့ တောမီးလောင်ကျွမ်းမှုကနေထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေကြောင့် လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်"ဟု ပါလန်ဂါရာယာတက္ကသိုလ်မှ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# မျက်လုံးတွေကပြောနေတဲ့ ခန္ဓာကိုယ်ရဲ့ သတိပေးစကား

**မန္တလာဆရာမျိုး**

လူ့ခန္ဓာကိုယ်ထဲမှာ မျက်လုံးဟာ အပြင်လောကကို မြင်ဖို့အတွက်သာ အသုံးဝင်တဲ့ အင်္ဂါတစ်ခု မဟုတ်ပါ။ တစ်ခါတစ်ရံ မျက်လုံးနဲ့ မျက်လုံးပတ်ဝန်းကျင်မှာပေါ်လာတဲ့ အပြောင်းအလဲတွေက ခန္ဓာကိုယ်အတွင်းမှာ ဖြစ်နေတဲ့ကျန်းမာရေးပြဿနာတချို့ကို သဲလွန်စပေးနိုင်တယ်။ မျက်လုံးဝါလာတာ၊ မျက်ခွံဖောင်းလာတာ၊ အမြင်ဝါးလာတာ၊ မျက်လုံးခြောက်တာ၊ အလင်းကို မခံနိုင်တာ၊ မျက်စိရှေ့မှာ အစက်အပြောက်တွေ ပေါ်လာတာ၊ နှစ်ထပ်မြင်တာ စတဲ့ လက္ခဏာတွေကို လူအများက "မျက်စိပင်ပန်းလို့ပါ"၊ "ဖုန်းကြည့်တာများလို့ပါ"ဆိုပြီး ပေါ့ပေါ့ဆဆထားတတ်ကြတယ်။ တချို့အခြေအနေမှာတော့ ဒီလိုယူဆတာ မှန်နိုင်တယ်။ ဒါပေမဲ့ တချို့လက္ခဏာတွေဟာ မျက်လုံးရောဂါတစ်ခုတည်းမဟုတ်ဘဲ ဆီးချို၊ သွေးတိုး၊ သွေးအားနည်းတာ၊ အသည်းရောဂါ၊ သိုင်းရွိုက်ရောဂါ၊ အာရုံကြောဆိုင်ရာပြဿနာ ဒါမှမဟုတ် အရေးပေါ်သွေးကြောဆိုင်ရာအခြေအနေ တစ်ခုကို သတိပေးနေတာလဲ ဖြစ်နိုင်တယ်။

ဒါကြောင့် မျက်လုံးတွေမှာ အပြောင်းအလဲတစ်ခု ဖြစ်လာရင် "မျက်စိပင်ပန်းလို့ပဲလား၊ ခန္ဓာကိုယ်က တစ်ခုခုသတိပေးနေတာလား"ဆိုတာ သတိပြုသင့်ပါတယ်။ အရင်ဆုံး လူအများ သတိထားမိလွယ်တဲ့ မျက်သားအဖြူဝါလာတာကို စဉ်းစားကြည့်ပါ။ မျက်သားအဖြူဟာ ပုံမှန်အားဖြင့် ဖြူနေသင့်တယ်။ မျက်သားအဖြူဝါလာရင် Jaundice လို့ ခေါ်တဲ့ အသားဝါခြင်းနဲ့ ဆက်စပ်နိုင်တယ်။ ဒီအခြေအနေဟာ သွေးထဲ Bilirubin လို့ခေါ်တဲ့ ရောင်ခြယ်ပစ္စည်းများလာတဲ့ အခါဖြစ်နိုင်တယ်။ အသည်းရောင်ရောဂါ၊ အသည်းလုပ်ဆောင်ချက်ချို့ယွင်းတာ၊ သည်းခြေလမ်းကြောင်းပိတ်တာ၊ သွေးနီဥပျက်စီးမှုများတာနဲ့ အခြားအကြောင်းရင်းတွေကြောင့် မျက်သားအဖြူဝါလာနိုင်တယ်။ မျက်သားအဖြူဝါတာနဲ့အတူ ဆီးအရောင်ရင့်လာတာ၊ ဝမ်းအရောင်ဖျော့လာတာ၊ အစာစားချင်စိတ်ကျတာ၊ ဗိုက်အပေါ်ညာဘက်နာတာ၊ ကိုယ်ပူတာတို့ပါလာရင် ပေါ့ပေါ့ဆဆမထားသင့်ပါ။ မျက်သားအဖြူဝါတာကို "အိပ်ရေးပျက်လို့" ဒါမှမဟုတ် "မျက်စိပင်ပန်းလို့" ဆိုပြီး မထားဘဲ အကြောင်းရင်းကို စစ်ဆေးသင့်တယ်။

နောက်ထပ်ကြုံတတ်တာက မျက်ခွံဖောင်းတာ ဖြစ်ပြီးတော့ မနက်အိပ်ရာထချိန်မှာ မျက်ခွံနည်းနည်းဖောင်းတာဟာ အိပ်စက်တာ၊ ဆားစားသုံးတာ၊ ညဘက် နောက်ကျမှစားတာတို့နဲ့ ဆက်စပ်နိုင်တယ်။ တစ်ခါတစ်ရံ allergy ကြောင့်လဲ မျက်ခွံဖောင်းနိုင်တယ်။ ဒါပေမဲ့ မျက်ခွံနဲ့ မျက်နှာဖောတာက မကြာခဏဖြစ်လာတယ်။ ခြေထောက်ပါ ဖောလာတယ်ဆိုရင်တော့ ကျောက်ကပ်၊ နှလုံးနဲ့ အခြားရေဓာတ်ထိန်းချုပ်မှုဆိုင်ရာ ပြဿနာတွေကိုလဲ စဉ်းစားရနိုင်တယ်။ အထူးသဖြင့် မနက်ပိုင်းမှာ မျက်ခွံပိုဖောင်းပြီး ဆီးအခြေအနေပြောင်းလဲလာတာ၊ ခြေထောက်ဖောတာတွေပါ တွဲပြီးဖြစ်လာရင် ကျောက်ကပ်ဆိုင်ရာအကဲဖြတ်မှု လိုနိုင်တယ်။

မျက်လုံးဖြူဖျော့ခြင်းကလဲ ခန္ဓာကိုယ်ရဲ့သတိပေးချက်တစ်ခုဖြစ်နိုင်တယ်။ အထူးသဖြင့် အောက်မျက်ခွံအတွင်းဘက်ကို ဖြည်းဖြည်းဆွဲကြည့်တဲ့အခါ အရမ်းဖြူဖျော့နေတယ်ဆိုရင် သွေးအားနည်းတာ Anemia ရှိ၊ မရှိ စဉ်းစားရနိုင်တယ်။ သွေးအားနည်းသူတွေမှာ မျက်ခွံအတွင်းပိုင်း ဖြူဖျော့တာနဲ့အတူ ပင်ပန်းတာ၊ ခေါင်းမူးတာ၊ နှလုံးခုန်မြန်တာ၊ လှေကားတက်ရင် မောတာတွေ ဖြစ်လာနိုင်တယ်။ ဒါပေမဲ့ မျက်ခွံအရောင်တစ်ခုတည်းကြည့်ပြီး သွေးအားနည်းတယ်လို့ မသတ်မှတ်သင့်ပါ။ သွေးစစ်ဆေးမှုနဲ့ အတည်ပြုရတယ်။



လူအများအတွက် ပိုအရေးကြီးတဲ့လက္ခဏာတစ်ခုက အမြင်ဝါးလာတာဖြစ်တယ်။ အမြင်ဝါးတာဟာ မျက်မှန်ပါဝါပြောင်းတာလို ရိုးရှင်းတဲ့အကြောင်းရင်းကနေ Cataract, Glaucoma, Retina ပြဿနာနဲ့ အခြားမျက်စိရောဂါတွေထိ ဖြစ်နိုင်တယ်။

ဒ့ါပြင် ဆီးချိုရောဂါနဲ့လဲ အလွန်နီးကပ်စွာ ဆက်စပ်နေတယ်။ သွေးချိုအလွန်မြင့်နေတဲ့အခါ မျက်လုံးအတွင်း Lens ရဲ့ ရေဓာတ်အခြေအနေ ပြောင်းလဲပြီး အမြင်ဝါးတာမျိုးဖြစ်နိုင်တယ်။ ဒီအမြင်ဝါးမှုဟာ တစ်ခါတစ်ရံသွေးချိုအတက်အကျနဲ့အတူ ပြောင်းလဲနိုင်တယ်။ ရေရှည်မှာတော့ ဆီးချိုကြောင့် Retina ရှိ သွေးကြောအသေးတွေ ထိခိုက်လာနိုင်တယ်။ ဒီအခြေအနေကို Diabetic Retinopathy လို့ခေါ်တယ်။ အစောပိုင်းမှာ လူနာကိုယ်တိုင် အမြင်ပြဿနာမရှိသလို ခံစားနေရနိုင်တယ်။ ဒါကြောင့် ဆီးချိုရှိသူတွေမှာ "မျက်စိကောင်းနေတာပဲ"ဆိုပြီး မျက်စိစစ်ဆေးမှုကို ပေါ့ပေါ့ဆဆမထားသင့်ပါ။ အကြောင်းက မျက်စိထဲပြောင်းလဲမှုတွေဟာ အမြင်ပျက်မလာခင်ကတည်းက စတင်နေနိုင်လို့ဖြစ်တယ်။

သွေးတိုးရောဂါဟာလဲ မျက်လုံးထဲက Retina ရှိတဲ့ သွေးကြောတွေကို သက်ရောက်နိုင်တယ်။ သွေးပေါင်ကြာရှည်မြင့်နေတာက သွေးကြောအသေးတွေ ပြောင်းလဲစေနိုင်ပြီး Hypertensive Retinopathy ဖြစ်လာနိုင်တယ်။ ဒါကြောင့် မျက်စိစစ်ဆေးတာဟာ တစ်ခါတစ်ရံမျက်လုံးကျန်းမာရေးကို သာမက သွေးကြောကျန်းမာရေးအခြေအနေကိုပါ သဲလွန်စပေးနိုင်တယ်။

နောက်ထပ်လက္ခဏာက မျက်လုံးခြောက်တာ Dry Eye ဖြစ်တယ်။ မျက်လုံးထဲ သဲဝင်သလို ခံစားရတာ၊ ပူစပ်တာ၊ မျက်စိပင်ပန်းတာ၊ မျက်လုံးနီတာ၊ အလင်းမခံနိုင်တာတို့ ဖြစ်နိုင်တယ်။ ယနေ့ခေတ်မှာ ဖုန်း၊ ကွန်ပျူတာ၊ Tablet အသုံးများတဲ့ သူတွေမှာ မျက်တောင်ခတ်တဲ့အကြိမ်လျော့သွားလို့ မျက်လုံးမျက်နှာပြင်ပိုခြောက်လာနိုင်တယ်။ အဲယားကွန်းခန်းထဲ နေချိန်များတာ၊ ပတ်ဝန်းကျင်ခြောက်သွေ့တာ Contact Lens အသုံးပြုတာ၊ အသက်အရွယ်နဲ့ ဟော်မုန်းပြောင်းလဲမှုတို့နဲ့လဲ ဆက်စပ်နိုင်တယ်။ ဒါပေမဲ့ မျက်လုံးခြောက်တာ အားလုံးကို Screen ကြည့်တာများလို့ပဲ မသတ်မှတ်သင့်ပါ။ Autoimmune Disease လို့ခေါ်တဲ့ ကိုယ်ခံအားစနစ်ဆိုင်ရာရောဂါတချို့မှာလဲ မျက်လုံးနဲ့ ပါးစပ်ခြောက်တာတွေ ဖြစ်နိုင်တယ်။ ဆေးဝါးတချို့ကြောင့်လဲ Dry Eye ဖြစ်နိုင်တယ်။ ဒါကြောင့် မျက်လုံးခြောက်တာက မကြာခဏဖြစ်ပြီး နေ့စဉ်ဘဝကို ထိခိုက်လာတယ်ဆိုရင် အကြောင်းရင်းကို ပြန်ကြည့်သင့်ပါတယ်။

မျက်လုံးနီခြင်းကလဲ အကြောင်းရင်းအမျိုးမျိုး ရှိနိုင်တယ်။ အိပ်ရေးပျက်တာ၊ မျက်လုံးခြောက်တာ၊ Allergy မျက်စိပိုးဝင်တာနဲ့ အခြားအခြေအနေတွေကြောင့်လဲ ဖြစ်နိုင်တယ်။ ဒါပေမဲ့ မျက်လုံးနီတာနဲ့ အတူ အလွန်နာတယ်။ အလင်းမခံနိုင်ဘူး။ အမြင်ကျလာတယ်။ ခေါင်းကိုက်ပြီး အန်ချင်တယ်ဆိုရင် သာမန် "မျက်စိနီရောဂါ"လို့ မယူဆသင့်ပါ။ Acute Angle–Closure Glaucoma လို အရေးပေါ်မျက်စိအခြေအနေတချို့မှာ မျက်လုံးအလွန်နာတာ၊ မျက်လုံးနီတာ၊ အမြင်ဝါးတာ၊ မီးရောင်ပတ်လည်မှာ သက်တံလိုမြင်တာ၊ ခေါင်းကိုက်တာ၊ ပျို့အန်တာတို့ ဖြစ်နိုင်တယ်။ ဒီလိုလက္ခဏာတွေရှိရင် အရေးပေါ်မျက်စိကုသမှု လိုနိုင်ပါတယ်။

နောက်ထပ် လူအများမေးတတ်တာက မျက်စိရှေ့မှာ အမည်းစက်၊ မျဉ်းကြောင်း၊ ပိုးမွှားပျံသလို မြင်ရတာဖြစ်ပါတယ်။ ဒါကို Floaters လို့ခေါ်ပါတယ်။ အသက်ကြီးလာတာနဲ့ မျက်လုံးအတွင်းမှာရှိတဲ့ Vitreous ပြောင်းလဲမှုကြောင့် Floaters အနည်းငယ်ရှိလာတာ ဖြစ်နိုင်တယ်။ တချို့သူတွေမှာ နှစ်ပေါင်းများစွာ တူတူရှိနေပြီး မပြောင်းလဲဘူးဆိုရင် အများအားဖြင့် အရေးမကြီးပါဘူး။ ဒါပေမဲ့ Floaters ရုတ်တရက်အများကြီးပေါ်လာတာ၊ အလင်းလက်လက် Flash တွေ မြင်လာတာ၊ မျက်စိရှေ့မှာ ကန့်လန့်ကာကျသလို အမြင်တစ်စိတ်တစ်ပိုင်း ဖုံးလာတာတွေရှိရင် Retina ကွာတာ ဒါမှမဟုတ် Retina ဆိုင်ရာ အရေးကြီးပြဿနာဖြစ်နိုင်ပါတယ်။ ဒီလိုအခြေအနေမှာ "ခဏနေရင်ပျောက်မယ်"ဆိုပြီး မစောင့်သင့်ပါ။ အမြင်ကို ကာကွယ်နိုင်ဖို့ အချိန်မီစစ်ဆေးကုသဖို့ အရေးကြီးပါတယ်။

နှစ်ထပ်မြင်တာ Double Vision ကိုလဲ ပေါ့ပေါ့ဆဆမထားသင့်ပါ။ မျက်လုံးနှစ်လုံးရဲ့ လှုပ်ရှားမှုကို ထိန်းချုပ်တဲ့ ကြွက်သားနဲ့ အာရုံကြောတွေဟာ အလွန်တိကျစွာ ပူးပေါင်းအလုပ်လုပ်ကြပါတယ်။ အာရုံကြောတစ်ခုထိခိုက်တာ၊ မျက်လုံးကြွက်သားပြဿနာ၊ ဆီးချိုနဲ့ သွေးကြောအသေးပြဿနာ၊ သိုင်းရွိုက်မျက်စိရောဂါ စတဲ့အခြေအနေတွေကြောင့် နှစ်ထပ်မြင်နိုင်ပါတယ်။ အထူးသဖြင့် နှစ်ထပ်မြင်တာ ရုတ်တရက်စဖြစ်ပြီး မျက်နှာရွဲ့တာ၊ လက်ခြေအားနည်းတာ၊ စကားမပီတာ၊ လမ်းမလျှောက်နိုင်တာ စတဲ့အာရုံကြောလက္ခဏာတွေပါ တွဲလာရင် Stroke အပါအဝင် အရေးပေါ်အခြေအနေတွေကို စဉ်းစားရနိုင်ပါတယ်။

မျက်လုံးပြူးလာတာကိုလဲ သတိထားသင့်ပါတယ်။ အထူးသဖြင့် မျက်လုံးနှစ်ဖက်ပိုပြူးလာသလိုဖြစ်တာ၊ မျက်ခွံနောက်ဆုတ်သလိုဖြစ်တာ၊ မျက်လုံးခြောက်တာ၊ နှစ်ထပ်မြင်တာတွေဟာ Graves’ Disease လို့ခေါ်တဲ့ Hyperthyroidism အမျိုးအစားတစ်ခုနဲ့ ဆက်စပ်တဲ့ Thyroid Eye Disease မှာ တွေ့နိုင်ပါတယ်။ ဒီလိုလူနာတွေမှာ နှလုံးခုန်မြန်တာ၊ လက်တုန်တာ၊ ပူလွန်းတာမခံနိုင်တာ၊ အစားပုံမှန်စားနေပေမဲ့ ဝိတ်ကျတာ စတဲ့ yperthyroidism လက္ခဏာတွေပါ တွဲပါနိုင်တယ်။ ဒါကြောင့် မျက်လုံးအပြောင်းအလဲတချို့က သိုင်းရွိုက်ဂလင်းရဲ့ပြဿနာကိုပါ သတိပေးနိုင်ပါတယ်။

မျက်လုံးပတ်လည်မှာ အဝါရောင်အဆီပြားငယ်တွေ ပေါ်လာတတ်သူတွေလဲ ရှိပါတယ်။ ဒါကို Xan–thelasma လို့ခေါ်ပါတယ်။ သွေးတွင်းအဆီဓာတ်မြင့်တာနဲ့ ဆက်စပ်နိုင်ပေမဲ့လည်း လူတိုင်းမှာ သွေးတွင်းအဆီမြင့်နေမယ်လို့တော့ မဆိုနိုင်ပါ။ ဒါပေမဲ့ ဒီလိုပြောင်းလဲမှုတွေရှိရင် အခြားနှလုံးသွေးကြောအန္တရာယ်အချက်တွေနဲ့အတူ သွေးတွင်းအဆီကို စစ်ဆေး သင့်၊ မသင့် စဉ်းစားနိုင်ပါတယ်။

အိပ်ရေးမဝတဲ့သူတွေမှာ မျက်ကွင်းညိုတာကိုလဲ လူအများသိကြတယ်။ ဒါပေမဲ့ မျက်ကွင်း ညိုတိုင်း အိပ်ရေးပျက်လို့ မဟုတ်ပါ။ မျိုးရိုးဗီဇ၊ အရေပြားအရောင်၊ Allergy၊ အသက်အရွယ်နဲ့ မျက်လုံးပတ်ဝန်းကျင်ဖွဲ့စည်းပုံတွေကလဲ သက်ရောက်နိုင်တယ်။

မျက်လုံးနဲ့ပတ်သက်ပြီး အရေးအကြီးဆုံး လက္ခဏာတစ်ခုကတော့ ရုတ်တရက်အမြင်ပျောက်တာဖြစ်တယ်။ လူတစ်ယောက်က "မနက်ထတော့ မျက်စိတစ်ဖက်မမြင်တော့ဘူး"၊ "ရုတ်တရက် မျက်လုံးရှေ့မှောင်သွားတယ်"ဆိုရင် အချိန်မဆွဲသင့်ပါ။ Retina သွေးကြောပိတ်တာ၊ Retina ကွာတာ၊ Optic Nerve ပြဿနာနဲ့ Stroke ဆိုင်ရာ အခြေအနေတချို့အပါအဝင် အရေးကြီးတဲ့ အကြောင်းရင်းတွေ ရှိနိုင်ပါတယ်။ အထူးသဖြင့် မျက်စိတစ်ဖက်အမြင်ရုတ်တရက်ပျောက်ခြင်း ဒါမှမဟုတ် အမြင်သိသိသာသာကျသွားတာတွေဟာ အရေးပေါ်စစ်ဆေးဖို့လိုတဲ့ လက္ခဏာဖြစ်တယ်။ အမြင်ပြဿနာနဲ့အတူ ပြင်းထန်တဲ့ခေါင်းကိုက်တာ၊ မျက်နှာရွဲ့တာ၊ လက်ခြေအားနည်းတာ၊ စကားပြောရခက်တာတွေပါဖြစ်လာရင် အရေးပေါ်ဆေးကုသမှု ခံယူသင့်တယ်။

ဒါဆို မျက်လုံးကျန်းမာရေးကို နေ့စဉ်ဘဝမှာ ဘယ်လိုထိန်းသိမ်းနိုင်မလဲ။ ပထမဆုံး ဆီးချို၊ သွေးတိုးနဲ့ သွေးတွင်းအဆီရှိသူတွေက အဲဒီရောဂါတွေကို ကောင်းစွာထိန်းချုပ်သင့်ပါတယ်။ မျက်လုံးဟာ ကိုယ်ခန္ဓာရဲ့သွေးကြောအသေးတွေကို တိုက်ရိုက်ကြည့်ရှုနိုင်တဲ့ နေရာတစ်ခုဖြစ်တဲ့အတွက် သွေးကြောကျန်းမာရေးက မျက်လုံးကျန်းမာရေးနဲ့ နီးကပ်စွာ ဆက်စပ်နေပါတယ်။

ဆီးချိုရှိသူတွေက ဆရာဝန်ညွှန်ကြားချက်တွေအတိုင်း မျက်စိစစ်ဆေးမှုကို ပုံမှန်ခံယူသင့်ပါတယ်။ အမြင်ကောင်းနေတာနဲ့ Retina ကောင်းနေတယ်လို့လဲ အမြဲမဆိုနိုင်ပါဘူး။

ဖုန်းနဲ့ ကွန်ပျူတာအသုံးများသူတွေက အချိန်ကြာကြာ မျက်တောင်မခတ်ဘဲ screen ကို စိုက်ကြည့်နေတာကို ရှောင်ကြဉ်သင့်ပါတယ်။ ကြားထဲမှာ မျက်လုံးအနားပေးတာ၊ အဝေးကိုကြည့်တာ၊ မျက်တောင်ပုံမှန်ခတ်ဖို့ သတိထားတာတွေက

စာမျက်နှာ ၁၁ သို့ ➤

# ရိုးဂုဏ်ရုပ်ရှင်ဇာတ်ကား Family Show ကို မရမ်းကုန်းမြို့နယ်ရှိ နဝဒေးအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုလုပ်



**ရန်ကုန် အောက်တိုဘာ ၂၁**

ရိုးဂုဏ် ရုပ်ရှင်ဇာတ်ကား Family Show ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ နဝဒေးအဆင့်မြင့်ရုပ်ရှင်ရုံ၌ အောက်တိုဘာ ၂၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရိုးဂုဏ်ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းသည် စာရေးဆရာ နန္ဒာစိုး (ဆင်ဖြူကျွန်း)၏ လုံးချင်းဝတ္ထုကို ဒါရိုက်တာ မယ်မင်းဘုံက ရေးသားထားပြီး သီလံက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ မယ်မင်းဘုံက တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လေးက ကျွန်တော့်လက်ထဲမှာ လွန်ခဲ့တဲ့ ၁၅ နှစ်ကတည်းကရှိခဲ့တာပါ။ အောင်သီရိ ထုတ်လုပ်ရေးကို ပေးလိုက်တော့ သဘောကျပြီး ရိုက်မယ်ဆိုပြီး ဒီဇာတ်လေးကို တည်ပေးတာပါ။ ဒီဇာတ်လေးကို တည်ပြီးတော့ မိသားစုတွေရဲ့ ချစ်ခြင်းမေတ္တာတွေ၊ ကိုယ်ချင်းစာတရားတွေ ဇာတ်ထဲမှာ အများကြီးသုံးလိုက်တဲ့အခါ ဇာတ်ကပိုပြီးတော့ကြွလာပါတယ်။ ဒရာမာဇာတ်ပုံစံလေး အကောင်းဆုံး ပုံဖော်ထားပါတယ်"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။

ရိုးဂုဏ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ခန့်စည်သူ၊ ကျော်ထက်အောင်၊ ထူးအောင်၊ ဗညားဘုန်းပြည့်၊ မိုးဒီ၊ ဆင်မ၊ ခိုင်နှင်းဝေ၊ မေမြင့်မိုရ်၊ သဲစုညိမ်း၊ မြတ်ကေသီအောင်၊ အထူးဧည့်သည်သရုပ်ဆောင် ဆုအိမ့်စံနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# အတ္တမှောင် ရုပ်ရှင်ဇာတ်ကားကန်တော့ပွဲပေးအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ထုတ်လုပ်မည့် အတ္တမှောင် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေး အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်တွင် အောက်တိုဘာ၂၀ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အတ္တမှောင် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ မဂေ်၏ လုံးချင်းဝတ္ထုကို အေးကြည်သာဟန်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ပြည့်ဖြိုးဟန်က ကြည်နူးစေရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"သဇင့်အနေနဲ့ ဒါရိုက်တာ ပြည့်ဖြိုးဟန်က ရိုက်မယ်ဆိုတာ ဆိုတာကြောင့် ရိုက်ဖြစ်တာပါ။



ရယ်၊ ကိုယ့်ရဲ့စီနီယာတွေဖြစ်တဲ့ ကိုညီထွဋ်ခေါင်နဲ့ မမေမီလဲ ပါသလို ကိုထူးအောင်လဲပါတယ် နောက်ဖြစ်ချင်တော့ မဂျိုးက အဖွဲ့တွေပြန်ဆုံတယ်။ အတွေ့အကြုံအသစ်တွေလဲ ရမှာပါ။ ဇာတ်လေးက ဆရာမ မဂေ်ရဲ့ ဝတ္ထုမို့ ပရိသတ်အကြိုက်တွေ့မှာပါလို့ပြောချင်ပါတယ်"ဟု အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်မည့် သရုပ်ဆောင် သဇင်နွယ်ဝင်းက ပြောပြသည်။

အတ္တမှောင် ရုပ်ရှင်ဇာတ်ကားတွင် ထူးအောင်၊ အဒီရာဦး၊ ဇွန်ဝေယံ၊ ယုဂ်၊ မေမီကိုကို၊ ပက်စီစိုး၊ သဇင်နွယ်ဝင်း၊ အထူးဧည့်သည် သရုပ်ဆောင် ညီထွဋ်ခေါင်၊ ဖူးစုံနှင့် အနုပညာရှင်များစွာ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။ ASH

á စာမျက်နှာ ၁၀ မှအဆက်

မျက်စိပင်ပန်းမှုနဲ့ ခြောက်သွေ့မှုကို လျော့စေနိုင်ပါတယ်။

အပြင်ထွက်တဲ့အခါ နေရောင်ပြင်းထန်ချိန်မှာ UV ကာကွယ်နိုင်တဲ့ သင့်တော်တဲ့ နေကာမျက်မှန်ကို အသုံးပြုနိုင်ပါတယ်။

ဆေးလိပ်သောက်တာက မျက်စိရောဂါတချို့ရဲ့အန္တရာယ်နဲ့ ဆက်စပ်နိုင်တာကြောင့် ရှောင်ကြဉ်သင့်ပါတယ်။

အစားအသောက်ကိုလဲ မျှတစွာစားသင့်ပါတယ်။ ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ ငါးနဲ့ အာဟာရမျှတတဲ့အစားအစာတွေက မျက်လုံး အပါအဝင် ခန္ဓာကိုယ်တစ်ခုလုံးရဲ့ကျန်းမာရေးအတွက် အကျိုးရှိပါတယ်။

ဒါပေမဲ့ "မျက်လုံးကောင်းဖို့ Vitamin တစ်မျိုးသောက်ရုံနဲ့ရတယ်" ဆိုတဲ့အယူအဆမျိုး မထားသင့်ပါ။ အာဟာရဖြည့်စွက်ဆေးတွေကို လိုအပ်ချက်မရှိဘဲ အလွန်အကျွံသောက်တာက အမြဲအကျိုးမရှိပါဘူး။

အရေးကြီးတာက မျက်လုံးမှာဖြစ်လာတဲ့ အပြောင်းအလဲကို စောစောသတိထားတာဖြစ်ပါတယ်။ အမြင်က တဖြည်းဖြည်းဝါးလာသလား။ မျက်သားအဖြူဝါလာသလား။ မျက်ခွံ မကြာခဏဖောင်းနေသလား။ မျက်လုံးအလွန်ခြောက်နေသလား။ Floaters ရုတ်တရက်များလာသလား။ အလင်း Flash တွေမြင်လာသလား။ နှစ်ထပ်မြင်သလား။ မျက်လုံးနာပြီး အမြင်ကျလာသလား။ ဒီလိုမေးခွန်းတွေက မျက်လုံးက ခန္ဓာကိုယ်ကို ဘာပြောနေလဲနားလည်ဖို့ ကူညီပေးနိုင်တယ်။

မျက်လုံးတွေဟာ မြင်ဖို့အတွက်သာ မဟုတ်ပါ။ တစ်ခါတစ်ရံ ခန္ဓာကိုယ်အတွင်းမှာ ဖြစ်နေတဲ့အပြောင်းအလဲတွေကို ပြသပေးနိုင်တဲ့ ပြတင်းပေါက်တစ်ခုလဲ ဖြစ်ပါတယ်။ မျက်သားအဖြူဝါတာက အသည်းနဲ့ သည်းခြေလမ်းကြောင်းအကြောင်း သတိပေးနေနိုင်ပါတယ်။ အမြင်ဝါးတာက ဆီးချို ဒါမှမဟုတ် မျက်စိရောဂါတစ်ခုခုရဲ့သဲလွန်စ ဖြစ်နိုင်ပါတယ်။ မျက်ခွံဖောင်းတာက ရိုးရိုးအိပ်စက်တာနဲ့ဆိုင်တာကြောင့် ဖြစ်နိုင်သလို ခန္ဓာကိုယ်ထဲ ရေဓာတ်ထိန်းညှိမှုပြဿနာကို သတိပေးနေတာလဲဖြစ်နိုင်ပါတယ်။ မျက်လုံးပြူးလာတာက သိုင်းရွိုက်နဲ့ ဆက်စပ်နိုင်တယ်။ Floaters ရုတ်တရက်များလာတာနဲ့ မီးလက်သလို မြင်တာက Retina ပြဿနာကို သတိပေးတာဖြစ်နိုင်တယ်။ ရုတ်တရက်အမြင်ပျောက်တာကတော့ အချိန်မဆွဲသင့်တဲ့ အရေးပေါ် လက္ခဏာဖြစ်နိုင်တယ်။ ဒါကြောင့်မျက်လုံးမှာ အပြောင်းအလဲဖြစ်တိုင်း "မျက်စိပင်ပန်းလို့ပါ"ဆိုပြီး အလွယ်တကူမဆုံးဖြတ်လိုက်ပါနဲ့။

ခန္ဓာကိုယ်က စကားမပြောတတ်ပေမဲ့ လက္ခဏာတွေနဲ့ ပြောတတ်ပါတယ်။ တစ်ခါတစ်ရံ အဲဒီစကားကို လက်ချောင်းတွေက ပြောတတ်တယ်။ တစ်ခါတစ်ရံ ခြေထောက်တွေက ပြောတတ်တယ်။ တစ်ခါတစ်ရံ မှာတော့ မျက်လုံးတွေကပဲ ခန္ဓာကိုယ်ရဲ့ သတိပေးစကားကို အရင်ဆုံး ပြောပြနေနိုင်တာကြောင့် မိမိကျန်းမာရေးအတွက် ခန္ဓာကိုယ်အစိတ်အပိုင်းတွေရဲ့ ထူးခြားတဲ့ပြောင်းလဲမှုတွေကို ဂရုပြုနေထိုင်နိုင်ဖို့အတွက် ရေးသားတင်ပြလိုက်ရပါတယ်။

# Serendipity ဇာတ်ကားသစ်၌ မင်းသား မီလိုမင်းဟိမ်း ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် အောက်တိုဘာ ၂၁**

Amazon MGM စတူဒီယို၏ Serendipity အမည်ရှိ အချစ်ဟာသဇာတ်ကားသစ်၌ မင်းသား မီလိုမင်းဟိမ်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၀ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် Serendipity (2001) ဇာတ်ကားကို ပြန်လည်ဆန်းသစ် ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

Serendipity ဇာတ်ကား၌ မင်းသား မီလိုမင်းဟိမ်းပါဝင်သရုပ်ဆောင်မည့်ဇာတ်ကောင်နေရာကို Amazon MGM က ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။

Serendipity ဇာတ်ကားသည် စေ့စပ်ထားသူများ ရှိသော်လည်း နယူးယောက်မြို့ ခရစ္စမတ်ညတစ်ညတွင် တွေ့ဆုံခဲ့ပြီး တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင်ခဲ့ကြသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Serendipity ဇာတ်ကားသစ်ကို ဒါရိုက်တာ မိုက်ကယ်ရှိုးဝေါ်တာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး မင်းသား မီလိုမင်းဟိမ်းသည် ဒစ္စနီးကုမ္ပဏီ၏ Tangled ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရန်စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Miami Vice 85 ဇာတ်ကား၌ မင်းသမီး ဟာလေလူရစ်ချက်ဆန် ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၂၁**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Miami Vice 85 ဇာတ်ကား၌ မင်းသမီး ဟာလေလူရစ်ချက်ဆန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၀ ရက် သတင်းများအရ သိရသည်။

Miami Vice 85 ဇာတ်ကား၌ မင်းသမီး ဟာလေလူရစ်ချက်ဆန် သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို ယူနီဗာဆယ်ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် ဟာလေလူရစ်ချက်ဆန်သည် မင်းသား မိုက်ကယ်ဘီဂျော်ဒန်၊ အော်စတင်ဘတ္တလာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

မင်းသမီး ဟာလေလူရစ်ချက်ဆန်သည် The White Lotus Season-2 ဇာတ်လမ်းတွဲနှင့် Ponies ဇာတ်လမ်းတွဲများ၌ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

Miami Vice 85 ဇာတ်ကားကို ဒါရိုက်တာ ဂျိုးဆက်ကိုစင်စကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒန်းဂျီရှိုင်းက တာဝန်ယူရေးသားပေးထားပြီး အဆိုပါ ဇာတ်ကားကို ၂၀၂၈ ခုနှစ် မေ ၁၉ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# President of the Republic of the Union of Myanmar U Min Aung Hlaing formally opens 27th Myanmar Traditional Cultural Performing Arts Competition, delivers keynote address



**President U Min Aung Hlaing addresses the opening ceremony of the 27th Myanmar Traditional Cultural Performing Arts Competition.**

**Nay Pyi Taw October 21**

The opening ceremony of the 27th Myanmar Traditional Cultural Performing Arts Competition took place at Myanmar International Convention Center (1) in Nay Pyi Taw this morning. President of the Republic of the Union of Myanmar U Min Aung Hlaing formally opened the ceremony and delivered the keynote address.

Present on the occasion were President U Min Aung Hlaing and wife Daw Kyu Kyu Hla, Vice President U Nyo Saw and wife Daw San San Aye, Vice President Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi and wife, Union Chief Justice U Than Htay, Commander-in-Chief of the Defence Services General Ye Win Oo and wife, Union level dignitaries, Union ministers and wives, senior military officers from Office of the Commander-in-Chief and wives, the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander, deputy ministers, members of the steering committee and subcommittees to hold the competition, region/state ministers, judges, supervisors, coaches, supporters, national brethren contestants from regions and states, and officials.

Vice President U Nyo Saw, Patron of the steering committee Vice President Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Commander-in-Chief of the Defence Services General Ye Win Oo, and Chairman of the steering committee Union Minister for Culture, Hotel and Tourism U Khin Maung Soe formally opened the ceremony by cutting a ribbon.



**President U Min Aung Hlaing and wife Daw Kyu Kyu Hla cordially greet maestros who will serve as members of the panel of judges for the competition.**



**President U Min Aung Hlaing and wife Daw Kyu Kyu Hla being welcomed with music and dancing.**

President of the Republic of the Union of Myanmar U Min Aung Hlaing unveiled the signboard of the opening ceremony by pressing the automatic button.

Schoolgirls welcomed the President, his wife, and party with dances and music featuring traditional costumes and dances representing the Pyu, Bagan, Inwa, Konbaung, Yadanabon, and modern eras, and contestants from regions and states, with dances of ethnic peoples Kachin, Katah, Kayin, Chin, Bamar, Mon, Rakhine, and Shan.

At the second part of the ceremony, artistess from the Fine Arts Department, the Ministry of Culture, Hotels and Tourism staged a song "the beauty of Myanmar culture" in honour of the competition.

In his keynote address, the President said the history, literature, language, customs, culture and art of a country play an important role in portraying its dignity and national characteristics. Art represents the emotion, thoughts, social lives and values of human. It also serves as a vital medium in relaying historical heritage from one generation to another.

A study of the history of the Myanmar Traditional Cultural Performing Arts Competition shows the evolution of culture, reflecting ancient lifestyles and traditional customs throughout the Pyu, Bagan, and Konbaung eras.

Apart from digging the past, the cultural legacy provides today's new generation with many areas to explore and study and the future generations with valuable heritage.

The competitions began in 1993, and since the time it has been playing a crucial role in systematically preserving and promoting Myanmar traditional culture, bringing about artists, and relaying knowledge. The competition was suspended for a five-year period from 2017 to 2021 after the 22nd competition in 2016.

The State is organizing the Myanmar Traditional Cultural Performing Arts Competition under specific policy objectives aimed at instilling key values in all citizens. These goals include raising patriotic spirit and national pride, preserving Myanmar's traditional cultural heritage and national identity, and fostering the continued flourishing and propagation of authentic Myanmar music, dance, and traditional arts. Additionally, the policy focuses on promotes the mental development of youth while preventing the dominance of foreign cultures. The competition is not held just to win awards, but serve as an important tradition for ensuring the survival of Myanmar's traditional arts, bringing forth talented artists, and inspiring the younger generation to value and preserve their own cultural heritage.

The four branches of Myanmar's traditional performing arts—singing, dancing, composition and music—are each important in their own right while also being interconnected and mutually supportive. Systematically preserving and

*See Page 13*

# Kanbalu District to grow more than 17,000 acres of cowpea this year



A thriving cowpea plantation.

**Kanbalu October 21**

According to the district Agriculture Department, local authorities have earmarked cultivation of more than 17,000 acres of cowpea as cold season crops in Kanbalu District of Sagaing Region this year.

During the 2026-2027 winter crop season, Kanbalu District has set a target of cultivating 17,239 acres of cowpeas, including 9,897 acres in Kanbalu Township and 7,342 acres in Kyunhla Township. Cultivation is scheduled to begin in the third week of October this year and continue through December, according to reports.

"This winter crop season, Kanbalu District has set a target of cultivating more than 17,000 acres of cowpeas. Efforts will be made to ensure that the cultivation target is fully achieved. Cowpea cultivation has been increasing year by year. Farmers will receive agricultural education on expanding cowpea cultivation and using good-quality, pure seeds to improve yields," said Daw Hla Kyaing, Head of the Kanbalu District Agriculture Department.

This year, the respective Township Agriculture Departments in Kanbalu District will provide guidance to cowpea farmers on obtaining good-quality, pure seeds suitable for local conditions, adopting proper cultivation methods, preventing pest infestations, applying chemical fertilizers systematically, and improving crop yields.

During this winter crop season, the relevant departments are also working in cooperation with farmers to provide suitable high-quality seeds, agricultural inputs, and post-harvest technology training to improve the yields and quality of various pulse crops. 206

# Local authorities set plan to grow more than 12,000 acres of wheat in Monywa District

**Monywa October 21**

More than 12,000 acres of wheat will be cultivated in Monywa District, Sagaing Region, during this year's winter crop season, according to figures from the Monywa District Agriculture Department.

For the 2026-2027 winter crop season, the wheat cultivation target in Monywa District is 12,921 acres, comprising 250 acres in Monywa Township, 453 acres in Budalin Township, 18 acres in Ayadaw Township and 12,200 acres in ChaungU Township. Cultivation is scheduled to begin in the fourth week of October this year and continue through December, according to reports.

"This winter crop season, Monywa District has set a target of cultivating more than 12,000 acres of wheat. Efforts will be made to ensure that the target acreage is fully achieved. Farmers will receive agricultural education and guidance on wheat cultivation. To increase wheat yields, we will provide recommendations on irrigation, fertilizer application and weed control. We will also work to improve wheat yields and encourage the use of good-quality, pure seeds," said Dr Tin Mar Mar Oo, Head of the Monywa District Agriculture Department.

During the winter crop season, efforts will be made in Monywa District to ensure that all winter crops are cultivated in line with their respective acreage targets, improve wheat yields, promote the systematic cultivation and production of high-quality wheat, and protect crops against pests and diseases.

The cultivation cost for wheat is approximately K300,000 per acre, while the average yield is around 21 baskets per acre. Wheat is generally cultivated in October, November and December, with harvesting taking place in February, March and April. The Shwe Thit wheat variety is the most widely grown in Sagaing Township.

The respective Township Agriculture Departments in Monywa District will provide training and agricultural education to wheat farmers to improve yields, facilitate access to good-quality, pure seeds, and sell compound fertilizers at affordable prices. 206

# Farmers harvest all plantations of sweet corns in KhinU Township

**KhinU October 21**

Local farmers have reaped all plantations of sweet corns in KhinU Township of Sagaing Region this year, according to the township Agriculture Department.

KhinU Township was able to cultivate 5,637 acres of sweet corn during this year's monsoon crop season. Harvesting of the corn fields began in September, and all the cultivated acreage has now been fully harvested, with yields exceeding 14,000 ears of corn per acre.

"This year, 5,637 acres of sweet corn were cultivated in KhinU Township during the monsoon crop season. All the cultivated acreage has now been fully harvested. Farmers have also received agricultural education to ensure successful corn cultivation and prevent pest and disease infestations," said U Nay Win Naing, Head of the KhinU Township Agriculture Department.

This year, the Township Agriculture Department provided training and conducted field demonstrations for farmers growing grain maize and sweet corn in KhinU Township. The department also provided agricultural education on preventing fall armyworm infestations and adopting integrated pest management practices, including the use of neem-based pesticides and ginger- and chilli-based pest-control preparations.

In KhinU Township, maize yields more than 50 baskets per acre, with cultivation costs amounting to approximately K500,000 per acre. Sweet corn yields around 15,000 ears per acre, with cultivation costs exceeding K500,000 per acre. 206

*From Page 12*

promoting these branches will further develop and enhance the essence and quality of Myanmar's arts.

The main purpose of holding national-level competitions in singing, dancing, composition and music is not to determine winners and losers among artistes. Rather, the competitions aim to create opportunities for systematic learning and study of the arts, identify and nurture talented individuals, facilitate the exchange of artistic experiences, and raise the overall standard of the arts.

It will also be necessary to continue providing further training and instruction to talented individuals emerging from the competitions, creating appropriate opportunities for them, and passing on the experience and knowledge of senior artists to the next generation.

In particular, younger generations need to understand the historical background, meaning and essence of traditional arts. Only with such an understanding will they be able to preserve traditional values in their own creative works while also creating and presenting artistic works that are in keeping with the times.

In the present era, technological advancements have broadened opportunities for artistic creation, documentation and dissemination. If these opportunities are utilized appropriately, they can help foster greater interest in Myanmar's arts among young people and introduce them to international audiences. It is therefore strongly urged that efforts be made to continuously enhance artistic skills and standards and pass on the distinctive beauty of Myanmar's arts to future generations.

Each artist participating in today's competition is urged to demonstrate their abilities to the fullest, make every effort and continue learning and improving their skills. They are also encouraged to respect one another, accept victory and defeat with dignity, and learn from one another's strengths. By doing so, the competition will become not only a venue for testing artistic abilities but also a platform for promoting professional development and unity within the artistic community.

Members of the judging panel are also instructed to conduct their assessments fairly and transparently in accordance with the prescribed rules and evaluation criteria, assess the abilities and creative works of the contestants from an artistic and professional perspective, and provide necessary advice and guidance.

Myanmar's traditional arts are a valuable cultural heritage that reflects the nation's identity. Preserving and safeguarding this heritage is the responsibility of the present generation, while passing it on to future generations in its full quality is also a duty that must be fulfilled through the collective efforts of all concerned.

Therefore, artists, art enthusiasts, young people and all relevant organizations are once again urged to value, preserve and safeguard Myanmar's traditional arts, continuously study and learn various artistic disciplines, work together to nurture a new generation of artists, and make sustained efforts to enhance the quality of Myanmar's arts.

It is believed and hoped that the 27th Traditional Myanmar Cultural Performing Arts Competition, being held today, will produce outstanding and talented artists and further contribute to the preservation and promotion of Myanmar's traditional artistic heritage. Best wishes are extended to all contestants for showcasing their artistic abilities to the fullest and achieving success in the competition. It is also wished that everyone enjoy good physical and mental health and achieve success in efforts to promote the development of Myanmar's traditional arts and national culture.

The Chairman of the Leading Committee Union Minister for Culture, Hotels and Tourism reported to the President on preparations to hold the competition.

After the ceremony, the President, his wife and party cordially greeted maestros who will serve as members of the panel of judges.

The 27th Performing Arts Competition will be held with participation of more than 2,400 contestants under the objectives: To enhance national prestige, integrity, and preserve the traditional cultural heritage of ethnic people; To preserve national characteristics and promote the national spirit, cherishing traditional culture among the younger generation; To explore, preserve and promote the sustainable development of traditional Myanmar arts able development of traditional Myanmar arts; and To function as a cultural and artistic institution that contribute to nation-building. MNA

# Tatmadaw columns assault terrorists based around Laungshay-Hlaingdok-Kyindwe route, occupy Hlaingdok Village and continuously take area security measures to reopen the route

**Tatmadaw columns retake control of villages and outpost hilltops temporarily occupied by terrorist insurgents along the Laungshay–Hlaingdok–Kyindwe route.**



**Maswatwi Village.**



**Swelwekyin Village.**

**Nay Pyi Taw October 21**

Tatmadaw columns have been carrying out area security operations to drive out and eliminate the combined forces of the AA and CDF terrorist groups, which have been engaging in terror activities around the Laungshay-Hlaingdok-Kyindwe route, with the aim of reopening the route. Today, Hlaingdok Village along the route was retaken and brought under control.

The combined forces of the AA and CDF terrorist groups began launching attacks with superior strengths in December 2023 against security troops responsible for maintaining security in Kyindwe Town, which lies along the communication route connecting Chin State and Rakhine State. After temporarily gaining control of the town, these terrorists unlawfully committed acts of sabotage and destruction. As a result, local residents, including children and elderly people, were forced to abandon their homes, buildings and property and flee to safer areas.

While temporarily occupying Kyindwe Town, the terrorists established temporary defensive positions inside religious buildings, hospitals, clinics, schools and departmental buildings in the town, and carried out explosions and acts of destruction. They broke into the homes and shops of local residents who had been temporarily displaced and forcibly took away valuables, food supplies and household items. In addition, they entered and occupied villages along the Hlaingdok-Laungshay communication route via Kyindwe and carried out acts of sabotage, destroyed roads and bridges through explosions, built fortified defensive positions, planted landmines along the route, collected extortion money from vehicles travelling along it, and arrested, tortured and killed innocent travellers. Due to restrictions on the passage of cargo transport vehicles, the flow of goods within the region came to a halt, resulting in exorbitant increases in commodity prices. Local ethnic residents have been suffering severe hardship in meeting their basic needs, while regional development and socioeconomic conditions have deteriorated significantly in all aspects.

Therefore, to restore stability and peace in the area and enable local residents to live and work in safety and security, Tatmadaw columns made the necessary preparations and regrouped their forces in Laung shey before splitting into separate columns to conduct coordinated area security operations aimed at regaining control of the Laung shey-Hlaingdok-Kyindwe route, which had been temporarily occupied and controlled by terrorist insurgents. Despite numerous difficulties, the troops fought courageously and made daring sacrifices, risking their lives and fighting resolutely to drive out and eliminate the terrorists. As a result, they successively recaptured Point 610 Hill on 24 September, Yinke Village on 25 September, Point 934 Hill and Swelwekyin Village on 26 September, Point 1059 Hill on 29 September, Maswatwi Village on 4 October, Point 1276 Hill on 8 October, and a terrorist camp near Point 1732, approximately 12,000 metres northeast of Kyindwe Town, on 20 October. It is reported that Hlaingdok Village was retaken and brought under control today, 21 October.

Tatmadaw columns fought valiantly, sacrificing their lives, to recapture villages along the route and positions occupied by the combined forces of terrorists. A total of 26 major and minor clashes took place with the terrorists, resulting in the recovery of 11 bodies of enemy combatants, 12 assorted weapons, ammunition and related equipment.

It is reported that Tatmadaw columns are continuing to step up the necessary area security operations to regain control of and reopen the Laungshey-Hlaingdok-Kyindwe communication route as soon as possible. The route plays a vital role in supporting the socioeconomic development of local residents and facilitating the flow of goods. In addition, the relevant officials from respective departments will work in cooperation with local residents to carry out necessary repairs to infrastructure, roads and bridges damaged by the acts of terrorists.

**Arms, ammunition, mines, and related gear seized from terrorist insurgents.**



**Arms, ammunition, and related gear seized from a hill near Point 1733.**



**Arms, ammunition, and related accessories captured near Point 1059 hill.**

**Bunkers, firing positions, and trenches dug by terrorist insurgents to convert villages and surrounding areas into military outposts along the Laungshay–Hlaingdok–Kyindwe route.**



**Defensive trenches, fences, and makeshift shelters constructed by terrorist insurgents as a military base near Point 1059 hill.**



**Monastic compound in Swelwekyin Village turned into a military outpost with bunkers and trenches by terrorist insurgents.**

# Three Chinese nationals arrested with related equipment operating online fraud, gambling operations near Hopong Village, Laihka Township



**Equipment and related paraphernalia seized from online fraud and gambling operations near Hopong Village, Laihka Township.**



**Three illegal Chinese nationals arrested for running online fraud and gambling operations near Hopong Village, Laihka Township.**

**Nay Pyi Taw October 21**

The Government regards the detection, prevention, and deterrence of online fraud and online gambling syndicates—which pose severe threats to the socioeconomic wellbeing of regional communities and people worldwide—as a national duty. In close coordination with neighbouring governments, authorities are taking effective measures to identify, apprehend, and prosecute perpetrators.

Acting on intelligence that online fraud and gambling activities were being conducted in Laihka Township, southern Shan State, joint security task forces carried out investigative and clearance operations. At approximately 10:40 am today, near Hopong Village, located about 30,000 metres southeast of Laihka, security forces uncovered makeshift facilities used in cyber-fraud operations: one temporary workshop tent measuring 30 feet by 15 feet, a large temporary living tent (40 ft x 15 ft), a smaller living tent (20 ft x 15 ft), and a temporary mess tent. Seized on site were three Starlink satellite receiver units, eight laptops, four power stations, 20 mobile phones of various models, seven network switches, three network routers, one large generator, 30 plastic chairs, four folding tables, and other related paraphernalia. During further combing operations in the surrounding area, joint teams detained three male Chinese nationals.

Authorities confirmed that following necessary interrogation and investigations, the apprehended suspects will face stern legal action under existing laws. The confiscated equipment and assets will also be handled in line with established procedures.

To eliminate online scams and gambling activities and prevent illicit syndicates from establishing bases within Myanmar, the government remains actively committed to anti-cybercrime initiatives in close collaboration with neighbouring countries, regional counterparts, and international bodies. 100

# Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues

**Systematic demolition continues on multi-storey building previously used for online gambling operations in Shwe Kokko Part-II area.**





**Demolition underway using heavy machinery.**





**Demolition completed.**

**Nay Pyi Taw October 21**

The government has placed emphasis on combat against online scams and gambling as a national responsibility and systematically carried out total demolition of illegal buildings in Shwe Kokko, where majority of online scams and gambling were operated, so that they cannot be used in such crimes.

In doing so, a 5-storey building, out of remaining buildings used in online scams and gambling in Shwe Kokko Part(II) to be demolished with the use of machinery, was knocked down up to 60 percent today.

Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 were classified to be knocked down with the use of machinery, four to be detonated and 34 to be levelled down manually floor by floor due to their proximity to residential buildings and systematic demolition works were being carried out. Demolition works of four buildings to be detonated and two to be demolished with the use of machinery completed and plans are underway to systematically demolish remaining 57 buildings.

In cooperation with neighbouring and regional countries, the government has placed a special emphasis on complete eradication of online scams and gambling, which has posed a threat on the global socioeconomic arena and national security. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အဖွဲ့ဝင်များက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ကပြတီးမှုတ်ကြိုဆိုနှုတ်ဆက်ကြစဉ်။

**ရှေ့ဖုံးမှအဆက်**

ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသား ညီအစ်ကို မောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဦးညိုစော၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့က ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များကို ကျောင်းသူလေးများက ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်၊ မျက်မှောက်ခေတ်တို့ကို ဖော်ညွှန်းပြသသည့် ဝတ်စားဆင်ယင်မှုအကအလှများဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှပြိုင်ပွဲဝင်အဖွဲ့ဝင်များက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားရိုးရာအကအလှများဖြင့် လည်းကောင်း ကပြတီးမှုတ်ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကိုစတင်ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "အလှဝေဖြာမြန်မာ့ရိုးရာ"သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အမျိုးသားရေးလက္ခဏာကိုဖော်ပြရာတွင် အဆိုပါနိုင်ငံ၏ သမိုင်းကြောင်း၊ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် အနုပညာယဉ်ကျေးမှုတို့သည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ကြောင်း၊ အနုပညာသည် လူသားများ၏ စိတ်ခံစားမှု၊ အတွေးအမြင်၊ လူမှုဘဝနှင့် တန်ဖိုးထားမှုများကို ဖော်ပြပေးနိုင်သကဲ့သို့ မျိုးဆက်တစ်ဆက်မှတစ်ဆက်ကို သမိုင်းအမွေအနှစ်များအဖြစ် လက်ဆင့်ကမ်းပေးရာတွင် အရေးပါသည့်ကြားခံတစ်ရပ်လည်း ဖြစ်ကြောင်း။

မြန်မာ့ အဆို၊ အက၊ အရေး၊ အတီး အနုပညာများ၏သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ရှေးခေတ်လူမှုဘဝနှင့် ရိုးရာဓလေ့ထုံးတမ်းများသည် ပျူခေတ်၊ ပုဂံခေတ်ကစပြီး ကုန်းဘောင်ခေတ်တိုင်အောင် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အနုပညာအစဉ်အလာများကိုတွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ အနုပညာအမွေအနှစ်များသည် အတိတ်ကာလကိုပြန်လည်တူးဖော်ပေးသည့်အရာများဖြစ်ရုံသာမက ယနေ့မျိုးဆက်သစ်များအတွက် သင်ယူစရာ၊ လေ့လာစရာနှင့် အနာဂတ်မျိုးဆက်များအတွက် လက်ဆင့်ကမ်းပေးရမည့်တန်ဖိုးရှိသည့် အမွေအနှစ်များလည်းဖြစ်ကြောင်း။

ပြိုင်ပွဲမှတစ်ဆင့် ပေါ်ထွက်လာမည့် အရည်အချင်းရှိသူများကို ဆက်လက်လေ့ကျင့်သင်ကြားပေးခြင်း၊ သင့်လျော်သည့်အခွင့်အလမ်းများဖန်တီးပေးခြင်းနှင့် အနုပညာရှင်ကြီးများ၏ အတွေ့အကြုံများကို လက်ဆင့်ကမ်းပေးခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်၊ မြန်မာ့အနုပညာ၏ထူးခြားသည့် အလှတရားများကို မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးကြရန် အလေးအနက်တိုက်တွန်းမှာကြားလို . . .

ယနေ့ကျင်းပသည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှတစ်ဆင့် ထူးချွန်ထက်မြက်သည့်အနုပညာရှင်များပေါ်ထွန်းလာပြီး မြန်မာ့ရိုးရာအနုပညာအမွေအနှစ်များကို ပိုမိုထိန်းသိမ်းမြှင့်တင်နိုင်မည်ဟု ယုံကြည်မျှော်လင့် . . .

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာ့ရိုးရာအနုပညာများကို စနစ်တကျထိန်းသိမ်းမြှင့်တင်ရေး၊ အနုပညာရှင်များဖော်ထုတ်ရေးနှင့် မျိုးဆက်သစ်လူငယ်များထံ အနုပညာအမွေအနှစ်များ လက်ဆင့်ကမ်းပေးရေးတို့အတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်ထိ ၂၂ ကြိမ်တိုင်တိုင်ကျင်းပနိုင်ခဲ့သော်လည်း ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ငါးနှစ်တာကာလအတွင်း ပြိုင်ပွဲများရပ်နားခဲ့ရကြောင်း၊ ၂၀၂၂ ခုနှစ်ရောက်မှ ၂၃ ကြိမ်မြောက်ပြိုင်ပွဲကို ပြန်လည်ကျင်းပနိုင်ခဲ့ပြီး ယခုအခါပြိုင်ပွဲများကို ဆက်လက်ကျင်းပလာခဲ့သည်မှာ ၂၀၂၆ ခုနှစ်တွင် ၂၇ ကြိမ်မြောက်ထိ ရောက်ရှိလာပြီဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို မိမိတို့နိုင်ငံသူ၊နိုင်ငံသားများအားလုံး၏ရင်ထဲတွင် "မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန်ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှကာကွယ်တားဆီးရေး" ဆိုသည့် မူဝါဒရည်မှန်းချက်များချမှတ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျင်းပသည့်ပြိုင်ပွဲများသည် ဆုရရှိရေးအတွက်သာမက မြန်မာ့ရိုးရာအနုပညာများရှင်သန်တည်တံ့ရေး၊ အရည်အချင်းရှိသည့် အနုပညာရှင်များပေါ်ထွန်းလာရေးနှင့် မျိုးဆက်သစ်

ပြိုင်ပွဲမှတစ်ဆင့် ပေါ်ထွက်လာမည့် အရည်အချင်းရှိသူများကို ဆက်လက်လေ့ကျင့်သင်ကြားပေးခြင်း၊ သင့်လျော်သည့်အခွင့်အလမ်းများဖန်တီးပေးခြင်းနှင့် အနုပညာရှင်ကြီးများ၏ အတွေ့အကြုံများကို လက်ဆင့်ကမ်းပေးခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်၊ မြန်မာ့အနုပညာ၏ထူးခြားသည့် အလှတရားများကို မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးကြရန် အလေးအနက်တိုက်တွန်းမှာကြားလို . . .

ယနေ့ကျင်းပသည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှတစ်ဆင့် ထူးချွန်ထက်မြက်သည့်အနုပညာရှင်များပေါ်ထွန်းလာပြီး မြန်မာ့ရိုးရာအနုပညာအမွေအနှစ်များကို ပိုမိုထိန်းသိမ်းမြှင့်တင်နိုင်မည်ဟု ယုံကြည်မျှော်လင့် . . .






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဂုဏ်ပြုတေးသီချင်းဖြစ်သည့် “အလှဝေဖြာ မြန်မာ့ရိုးရာ” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

လူငယ်များက မိမိတို့၏ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းလာစေရေးတို့အတွက် အရေးပါသည့်အစဉ်အလာတစ်ရပ်ဖြစ်သည်ကို အလေးအနက်ပြောကြားလိုကြောင်း။

အဆို၊ အက၊ အရေး၊ အတီး အနုပညာကဏ္ဍလေးရပ်သည် သီးခြားစီအရေးပါသကဲ့သို့ အချင်းချင်းလည်း အပြန်အလှန်အထောက်အကူပြု ချိတ်ဆက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဆိုပါကဏ္ဍများကို စနစ်တကျထိန်းသိမ်းမြှင့်တင်ခြင်းဖြင့် မြန်မာ့အနုပညာ၏အနှစ်သာရနှင့်အရည်အသွေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီး အနုပညာပြိုင်ပွဲများ ကျင်းပပေးရခြင်း၏ အဓိကရည်ရွယ်ချက်သည် အနုပညာရှင်များကြား အနိုင်အရှုံးဆုံးဖြတ်ပေးရန်မဟုတ်ဘဲ အထူးသဖြင့် မျိုးဆက်သစ်များသည် ရိုးရာအနုပညာကို သမိုင်းနောက်ခံ၊ အဓိပ္ပာယ်နှင့်အနှစ်သာရများကို နားလည်သဘောပေါက်ရန်လိုအပ်ကြောင်း၊ ထိုသို့ နားလည်သဘောပေါက်မှသာ မိမိတို့၏ဖန်တီးမှုများတွင် ရိုးရာတန်ဖိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် အနုပညာလက်ရာများကိုလည်း ဖန်တီးတင်ဆက်နိုင်မည်ဖြစ်ကြောင်း။

ယနေ့ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာသောကြောင့် အနုပညာဖန်တီးမှု၊ မှတ်တမ်းတင်မှုနှင့် ဖြန့်ဝေမှုတို့အတွက် အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာကြောင်း၊ ယင်းအခွင့်အလမ်းများကို မှန်ကန်စွာအသုံးချနိုင်မည်ဆိုပါက မြန်မာ့အနုပညာကိုလူငယ်များပိုမိုစိတ်ဝင်စားလာစေရန်နှင့် နိုင်ငံတကာပရိသတ်များထိ မိတ်ဆက်ဖော်ပြနိုင်ရန်၏အားသာချက်များကို လေ့လာသင်ယူကြရန်လည်းတိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြိုင်ပွဲသည် အနုပညာစွမ်းရည်ကို စမ်းသပ်သည့်နေရာတစ်ခုသာမက ပညာရပ်ဆိုင်ရာတိုးတက်မှုနှင့် အနုပညာအသိုက်အဝန်း၏စည်းလုံးညီညွတ်မှုကိုမြှင့်တင်ပေးသည့်နေရာတစ်ခုလည်းဖြစ်လာမည်ဖြစ်ကြောင်း။

အကဲဖြတ်ဒိုင် အဖွဲ့ဝင်များအနေဖြင့်လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် အကဲဖြတ်စံနှုန်းများအတိုင်း မျှတပွင့်လင်းစွာအကဲဖြတ်ပေးကြရန်၊ ပြိုင်ပွဲဝင်များ၏ အရည်အချင်းနှင့် ဖန်တီးမှုများကို ပညာရပ်ဆိုင်ရာရှုထောင့်မှ သုံးသပ်ပေးကြရန်နှင့် လိုအပ်သည့်အကြံပြုလမ်းညွှန်မှုများပေးကြရန်လည်း မှာကြားလိုကြောင်း။

ရိုးရာအနုပညာကို တန်ဖိုးထားထိန်းသိမ်းကြရန်၊ အနုပညာဘာသာရပ်များကို စဉ်ဆက်မပြတ်လေ့လာသင်ယူကြရန်၊ မျိုးဆက်သစ်အနုပညာရှင်များ ပေါ်ထွန်းလာရေးပူးပေါင်းဆောင်ရွက်ကြရန်နှင့် မြန်မာ့အနုပညာ၏အရည်အသွေးကို အစဉ်တစိုက်မြှင့်တင်သွားကြရန် ထပ်လောင်းတိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ကျင်းပသည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှတစ်ဆင့် ထူးချွန်ထက်မြက်သည့်အနုပညာရှင်များ ပေါ်ထွန်းလာပြီး မြန်မာ့ရိုးရာအနုပညာအမွေအနှစ်များကို ပိုမိုထိန်းသိမ်းမြှင့်တင်နိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ပြိုင်ပွဲဝင်အားလုံးအနေဖြင့်လည်း မိမိတို့၏အနုပညာစွမ်းရည်များကို အကောင်းဆုံးဖော်ထုတ်တင်ဆက်နိုင်ကြရန်

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

ကြောင်း၊ အနုပညာဘာသာရပ်များကို စနစ်တကျလေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများဖန်တီးပေးရန်၊ အရည်အချင်းရှိသူများကိုဖော်ထုတ်မြှင့်တင်ရန်၊ အနုပညာအတွေ့အကြုံများဖလှယ်နိုင်ရန်နှင့် အနုပညာအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်ပင်ဖြစ်ကြောင်း။

ပြိုင်ပွဲမှတစ်ဆင့် ပေါ်ထွက်လာမည့် အရည်အချင်းရှိသူများကို ဆက်လက်လေ့ကျင့်သင်ကြားပေးခြင်း၊ သင့်လျော်သည့်အခွင့်အလမ်းများဖန်တီးပေးခြင်းနှင့် အနုပညာရှင်ကြီးများ၏အတွေ့အကြုံများကို လက်ဆင့်ကမ်းပေးခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ပညာရပ်ဆိုင်ရာအရည်အသွေးကို အစဉ်တစိုက်မြှင့်တင်ကြရန်နှင့် မြန်မာ့အနုပညာ၏ထူးခြားသည့်အလှတရားများကို မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးကြရန် အလေးအနက်တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အနုပညာရှင်တစ်ဦးချင်းစီအနေဖြင့် မိမိတို့၏ အရည်အချင်းကို အကောင်းဆုံးဖော်ထုတ်တင်ဆက်ကြရန်၊ ကြိုးစားအားထုတ်မှုရှိကြရန်နှင့် စဉ်ဆက်မပြတ်လေ့လာသင်ယူကြရန် တိုက်တွန်းလိုကြောင်း၊ ပြိုင်ပွဲဝင်အချင်းချင်း အပြန်အလှန် လေးစားကြရန်၊ အနိုင်အရှုံးကို ဂုဏ်သိက္ခာရှိစွာလက်ခံကြရန်နှင့် အချင်းချင်း

မြန်မာ့ရိုးရာအနုပညာသည် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို ဖော်ပြပေးနေသည့် တန်ဖိုးရှိသည့် အမွေအနှစ်တစ်ရပ်ဖြစ်ကြောင်း၊ ယင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ယနေ့မျိုးဆက်၏ တာဝန်ဖြစ်သကဲ့သို့ အနာဂတ်မျိုးဆက်များထံသို့ အရည်အသွေးပြည့်ဝစွာလက်ဆင့်ကမ်းပေးခြင်းသည်လည်း မိမိတို့အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ရမည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ကြောင်း။

ထို့ကြောင့် အနုပညာရှင်များ၊ ဝါသနာရှင်များ၊ လူငယ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးအနေဖြင့် မြန်မာ့ ပြီး အောင်မြင်မှုများရရှိကြစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မြန်မာ့ရိုးရာအနုပညာနှင့် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အောင်မြင်မှုများရရှိကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ၂၇ ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးစသည့် ဦးတည်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်စုစုပေါင်း ဦးရေ ၂၄၀၀ ကျော်ဖြင့် အောက်တိုဘာ ၂၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

PPIB News

# ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာနှင့် တွေ့ဆုံဆွေးနွေး



**မင့်စ် အောက်တိုဘာ ၂၁**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မင့်စ်မြို့ရှိ အောင်ပွဲခံရင်ပြင်(Victory Square)သို့ရောက်ရှိကြရာ မင့်စ်မြို့ အလုပ်အမှုဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ Mr.Oleg Korzun နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က အောင်ပွဲခံအထိမ်းအမှတ်ကျောက်တိုင် (The Victory Monument)၌ လွမ်းသူ့ပန်းခွေချအလေးပြုပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ မင့်စ်မြို့ရှိ အောင်ပွဲခံအထိမ်းအမှတ်ကျောက်တိုင် The Victory Monument သည် ဒုတိယကမ္ဘာစစ်အတွင်း နာဇီကျူးကျော်သူများကို တွန်းလှန်တိုက်ခိုက်ရင်း ကျဆုံးခဲ့ရသည့် ဆိုဗီယက်တပ်မတော်သားများနှင့် ဘယ်လာရုစ်ပြောက်ကျားရဲဘော်များကို ရည်စူးပြီး ၁၉၅၄ ခုနှစ်တွင် တည်ဆောက်ခဲ့သော နိုင်ငံ၏ သမိုင်းဝင် အထင်ကရနေရာတစ်ခုဖြစ်ကြောင်း၊ အမြင့် ၃၈ မီတာရှိသည့် ၎င်းကျောက်တိုင်ခြေရင်းတွင် ကျဆုံးသူများကို အောက်မေ့သတိရသောအားဖြင့် “ထာဝရငြိမ်းချမ်းရေးမီးတောက်” ကို အမြဲမပြတ် ထွန်းညှိထားရှိကြောင်း၊ နိုင်ငံတကာသံတမန်များနှင့် နိုင်ငံ့ခေါင်းဆောင်များ လာရောက်ဂုဏ်ပြုအလေးပြုရာနေရာ တစ်ခုဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်သို့ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် အထက်လွှတ်တော် တတိယထပ်ရှိ မီးလင်းဖိုခန်းမဆောင်၌ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ပြီး ပြီးခဲ့သည့် စက်တင်ဘာ ၂၂ ရက်တွင် သံတမန်ဆက်ဆံရေး ၂၇ နှစ် ပြည့်မြောက်ခဲ့ကာ ယင်းကာလအတွင်း နှစ်နိုင်ငံ အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုများကို အခိုင်အမာတည်ဆောက်ထားနိုင်ခဲ့မှု၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ အမြော်အမြင်ရှိမှု၊ ချစ်ကြည်ရင်းနှီးမှုများနှင့် အပြန်အလှန်ခရီးစဉ်များက နှစ်နိုင်ငံ ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေပြီး ကောင်းကျိုးစီးပွားကို တိုးပွားအောင် ဆောင်ရွက်နိုင်ခဲ့မှု၊ ဘက်စုံကဏ္ဍစုံမဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆ - ၂၀၂၈ ခုနှစ်)ကို ချမှတ်နိုင်ခဲ့ပြီး လွှတ်တော်များ၏အခန်းကဏ္ဍ၊ လွှတ်တော်ကဏ္ဍ ချစ်ကြည်ရင်းနှီးရေးတွင် နှစ်နိုင်ငံဘက်စုံ မဟာမိတ်ပူးပေါင်းဆောင်ရွက်မှုကို လွှတ်တော်ပိုင်းမှ ပံ့ပိုးကူညီပေးရေး၊ လွှတ်တော်ချင်းပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ရေး၊ လွှတ်တော်ဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် အတွေ့အကြုံများမျှဝေရေး၊ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ရေး၊ နိုင်ငံတကာလွှတ်တော်ဆိုင်ရာ အသိုက်အဝန်းတွင် နှစ်နိုင်ငံအကျိုးအတွက် ပိုမိုနီးကပ်စွာဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် အထက်လွှတ်တော် ဒုတိယထပ်ရှိ သဘာပတိအဖွဲ့အစည်းအဝေးခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော် လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာကို ပြည်ထောင်စု လွှတ်တော်နာယက ဦးအောင်လင်းဒွေးနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာတို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက်ပြည်ထောင်စုလွှတ်တော်နာယကသည် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော် အစည်းအဝေးခန်းမကြီးနှင့် ပြတိုက်ပြပွဲတို့ကိုကြည့်ရှုလေ့လာပြီး ဂုဏ်ထူးဆောင်ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု လွှတ်တော်နာယက ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မင့်စ်ထွန်စက်စက်ရုံနှင့် မော်တော်ကားစက်ရုံကိုလည်းကောင်း၊ First National Trade House ဈေးဝယ်စင်တာကိုလည်းကောင်း သွားရောက်ကြည့်ရှု လေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်း(မန္တလေး)၏ ရက်ကန်းထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပ



**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်း (မန္တလေး)၏ ရက်ကန်းထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်း (မန္တလေး)၏ ရက်ကန်းထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က ရက်ကန်းထုတ်ကုန်ပြပွဲ၊ ဈေးရောင်းပွဲတော်နှင့် အသင်းသားစုံညီ အစည်းအဝေးဖြစ်မြောက်အောင် ကူညီအားဖြည့်ပေးခဲ့သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်း(မန္တလေး)မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးနှင့် ပတ်သက်၍လည်းကောင်း၊ အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်း(မန္တလေး) နှင့် မြန်မာနိုင်ငံချည်မျှင်နှင့် အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်းတို့ကြား နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးခြင်းများကိုလည်းကောင်း အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က ရက်ကန်းထုတ်ကုန်ပြပွဲ၊ ဈေးရောင်းပွဲတော်တွင် မြန်မာနိုင်ငံဒေသအသီးသီးမှ ရိုးရာရက်ကန်း ထုတ်ကုန်ချည်ထည်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်ခန်းများ ခင်းကျင်းပြသရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့မွန်းလွဲပိုင်းတွင်လည်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ မူလတန်း၊အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်က အနာဂတ်မျိုးဆက်သစ် လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများဖော်ထုတ်ပြသနိုင်ရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီးတွင် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်မည့်ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေး၍ ဝိုင်းဝန်းအကြံပြုတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၁

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေး ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးပြုပြင်ပေးနိုင်ရေး၊ ဘောလုံးကွင်းများတည် ဆောက်ပေးနိုင်ရေး၊ ပျက်စီးဆုံးရှုံးခဲ့သည့် မြို့ရွာများ နှင့် ယာယီနေရပ်စွန့်ခွာသူများကို ပြန်လည်ထူထောင် ရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေး၊ တရားမဝင် ဂိတ်ကြေးကောက်ခံနေမှုများပပျောက်အောင်ဆောင် ရွက်ပေးနိုင်ရေးနှင့် တရားဝင်ကျေးရွာများအဖြစ် သတ်မှတ်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ခုနစ်ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို တစ်ခုတင်သွင်းခြင်း တို့ကိုဆောင်ရွက်ကြသည်။

ဦးစွာ ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရှိ နှစ်ထပ်အဆောက် အအုံကို ပြန်လည်ပြုပြင်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိကော်မရှင်အဖွဲ့ခွဲရုံးများအတွက် ရုံးပိုင်အဆောက်အအုံများဆောက်လုပ်ခွင့်ရရှိရေးနှင့် ပြင်ဆင်ထိန်းသိမ်းခွင့်ရရှိရေးအတွက် ဘဏ္ဍာနှစ် အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ပေး လျက်ရှိရာ ဝေါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲရုံးဖွင့်လှစ်ရန် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့ နယ် ချမ်းမြသာစည်ရပ်ကွက် ကွင်းအမှတ်(၇၀၄-N)၊ မြေကွက်အမှတ်(၁/A ကက-၂၈)ရေိယာ သုည ဒသမ ၃၁၉ ဧကရှိမြေပေါ်တွင် အလျား ၁၀၂ ပေ၊ အနံ ၂၆ ဒသမ ၅ ပေနှင့် အမြင့် ပေ ၂၀ ရှိသော သစ်သား-အုတ်ညှပ်၊ အုတ်ကြွပ်မိုးနှစ်ထပ်အဆောက်အအုံ ဟောင်း တစ်လုံးကို ၂၀၂၃ ခုနှစ်တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှလွှဲပြောင်းရရှိခဲ့ပါကြောင်း၊ ဝေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဖွင့်လှစ်နိုင်ရေး အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းရရှိ သည့် အဆောက်အအုံဟောင်းကို ပြင်ဆင်ထိန်းသိမ်း ရန် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေ ၆၇ သိန်း ခြောက် သောင်းခွဲဝေပေးခဲ့ပြီး ပြင်ဆင်ခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါအဆောက်အအုံထပ်မံပြင်ဆင်နိုင်ရေးအတွက် လာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေ လျာထားတင်ပြတောင်းခံမည် ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက အဆောက်အအုံ ပြင်ဆင်နိုင်ရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည် ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမို့မို့ဇော်၏ **သဲကုန်း မြို့နယ် ဘောလုံးကွင်းကို ပွဲကြည့်စင်နှင့် အဆင့်မီ အားကစားကွင်းအဖြစ် ပြန်လည်တည်ဆောက်ပေး ရန်အစီအစဉ် ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ အားကစား ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း နတ်တလင်း ခရိုင် သဲကုန်းမြို့နယ်အားကစားကွင်းသည် အမှတ် (၄)ရပ်ကွက်တွင်တည်ရှိပြီး စုစုပေါင်းမြေဧရိယာ ၅ ဒသမ ၉၇ ဧကရှိပြီး အဆိုပါအားကစားကွင်းကို အားကစားရေးရာဝန်ကြီးဌာနပိုင်အမည်ဖြင့် အခမဲ့ မြေလွှဲအမိန့်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများ နှင့်အညီဆောင်ရွက်လျက်ရှိပါကြောင်း၊ အားကစား ကွင်းအတွင်းတွင် ရုံးနှင့်နေအိမ်တွဲလျက်အဆောက် အအုံအလျား ပေ ၄၀၊ အနံ ပေ ၃၀ တစ်လုံးကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေမှကျပ် ၁၆ ဒသမ ၈ သန်းဖြင့် ဆောက် လုပ်ထားရှိပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ သဲကုန်းမြို့နယ်ဘောလုံးကွင်းအတွင်း ပွဲကြည့်စင်တည်ဆောက်ပေးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း ၍ အလျား ပေ ၁၅၀ x အနံ ပေ ၂၀ RC နှစ်ထပ်ပွဲကြည့် စင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်း ကုန်ကျငွေကျပ် သန်း ၉၀၀ ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာ နှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်း လျာထား ထားရှိပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အဆင့်မီအားကစား ကွင်းအဖြစ် ပြန်လည်တည်ဆောက်ပေးနိုင်ရေး အတွက် ကျန်ရှိသည့်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ကို သင့်လျော်သောဘဏ္ဍာနှစ်များတွင် ခွင့်ပြုရန်ပုံ ငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **မှော်ဘီ မြို့နယ် အားကစားကွင်းကို ခရိုင်အားကစားကွင်း အဖြစ် မည်သည့်ကာလတွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ နယ်အားကစားကွင်းကို ခရိုင်အဆင့်အားကစားကွင်း အဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ကနဦး အနေဖြင့် မီတာ ၄၀၀ ပြေးလမ်း ကျောက်မှုန့်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် လက်ရှိပြေးလမ်းတွင် ဘောလုံးကွင်းထက် နှစ်ပေခန့်နိမ့်ကျနေသဖြင့် ပြေးလမ်းကို Level မြှင့်တင်ခြင်း၊ အပြင်ရေနုတ်မြောင်း တည်ဆောက်ခြင်းနှင့် အပြင်ကတ်တုံးတည်ဆောက် ခြင်းလုပ်ငန်းများဆောင်ရွက်ရန် စုစုပေါင်းခန့်မှန်း ကုန်ကျငွေကျပ် ၉၄၇ ဒသမ ၅၁၀ သန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်း တွင် ထည့်သွင်းလျာထားထားရှိပြီးခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိ သည့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို သင့်လျော် သော ဘဏ္ဍာနှစ်များတွင် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အလိုက်လျာထားတင်ပြ တောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်နိုင်၏ **နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုးမြို့များအပါအဝင် အချို့ မြို့ရွာများ၌ ပျက်စီးခဲ့ရသည့် ဆုံးရှုံးမှုနှင့်ပတ်သက်၍ မည်သို့ကုစားဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း** နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ရှမ်းပြည်နယ် နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်နှင့် လားရှိုးမြို့နယ် များတွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပြည်သူ လူထုနေအိမ်များ၊ သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာ ရုံး၊အဆောက်အအုံအချို့ပျက်စီးဆုံးရှုံးခဲ့ ရပြီး ပြည်သူလူထုများ ယာယီနေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်ခဲ့ကြရပါကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များ ကြောင့်ဒေသခံပြည်သူများ၏အိုးအိမ်အဆောက်အအုံ များ၊ သာသနိကအဆောက်အအုံများ၊ တံတားများ ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များ ကြောင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ယာယီနေရပ် စွန့်ခွာပြည်သူများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲ မှုဦးစီးဌာနတို့မှ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကယ်ဆယ် ရေးပစ္စည်း ၁၆ မျိုး ထောက်ပံ့ပေးအပ်ခဲ့ပါကြောင်း။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအပါအဝင် ဌာနဆိုင်ရာအဆောက်အအုံများ ပြန်လည်ပြင်ဆင် တည်ဆောက်ခြင်းနှင့် ဆက်သွယ်ရေးတာဝါတိုင်များ၊ ဆက်သွယ်ရေး(ဖုန်း၊အင်တာနက်)လိုင်းများကောင်း မွန်စွာအသုံးပြုနိုင်ရေးပြင်ဆင်ပြုပြင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်နှင့် လားရှိုးမြို့နယ်တို့တွင် ကျောင်းပေါင်း ၃၆၀ ကျော် ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း၊ ပို့ဆောင်ရေး ကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍအပါအဝင် ကျန်းမာရေးစောင့် ရှောက်မှုအတွက် ဆေးရုံများဖွင့်လှစ်၍ ကုသပေး လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အကြမ်းဖက်ဖြစ်စဉ် များကြောင့်ပျက်စီးဆုံးရှုံးသွားသည့် နေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ သာသနိကဆိုင်ရာ အဆောက်အအုံများနှင့်ဓာတ်အားလိုင်းများ၊ နိုင်ငံတော် အစိုးရက ကူညီထောက်ပံ့ပြုပြင်မှုများဆောင်ရွက်နေ သည့်အပြင် တရားဥပဒေစိုးမိုးရေးအတွက်လည်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ က ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားသည်။

သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး၏ **နေရပ်စွန့်ခွာသူများ၏ အခက်အခဲနှင့် ဆက်လက် ရပ်တည်နိုင်ရေးအပေါ် အစိုးရ၏အစီအစဉ်များ ထုတ်ဖော်ပြောကြားပေးရန် သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက နိုင်ငံတော် အစိုးရအနေဖြင့် ယာယီနေရပ်စွန့်ခွာပြည်သူများ လတ်တလောနေထိုင်စားသောက်ရေးအဆင်ပြေမှုရှိ စေရန် ယာယီခိုလှုံရာစခန်းများဖွင့်လှစ်ပေးခြင်း၊ နေရပ်စွန့်ခွာပြည်သူများကို လစဉ်ငွေကြေးများ ထောက်ပံ့ပေးအပ်ခြင်း၊ တိုင်းဒေသကြီး၊ပြည်နယ်များ အလိုက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများက ဆန်၊ ဆီ၊ ဆား အစရှိသည့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ ပေးအပ်ခြင်း၊ ယာယီခိုလှုံရာစခန်းများတွင် ခေတ္တခိုလှုံ နေထိုင်စဉ်အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ ၏ သားသမီးများပညာသင်ကြားခွင့်ဆုံးရှုံးမှုမရှိစေ ရေးစီစဉ်ဆောင်ရွက်ပေးခြင်း၊လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်းတို့ကိုဆောင် ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် နယ်မြေအေးချမ်းမှုရှိသည့် နေရာများတွင် ယာယီနေရပ်စွန့်ခွာပြည်သူများ မိမိ နေထိုင်ရာ ဒေသသို့ဘေးကင်းစွာပြန်လည်ဝင်ရောက် နေထိုင်နိုင်ရန် မိုင်းအန္တရာယ်ကင်းရှင်းရေးနှင့် နယ်မြေ လုံခြုံရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ တိုက်ပွဲများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များ ပြန်လည်တည်ဆောက်ရာတွင် လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ တိုက်ပွဲများကြောင့် ပျောက်ဆုံး၊ပျက်စီးသွားသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေ စာရင်းများကို ပြန်လည်စိစစ်ထုတ်ပေးခြင်း၊ ယာယီ နေရပ်စွန့်ခွာပြည်သူများ ပြန်လည်ရပ်တည်နိုင်ရေး အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် ပညာသင်ယူနိုင်ရေးဆောင်ရွက်ပေးခြင်း၊ အလုပ် အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်းတို့ကို ဆောင် ရွက်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တပ်မတော်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ပြည်နယ်အစိုးရအဖွဲ့များက ဝိုင်းဝန်း ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများကို နိုင်ငံပိုင်သတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ တွင် အများပြည်သူသိရှိစေရန်ထုတ်လွှင့်ခြင်း၊ရေးသား ဖော်ပြခြင်းများဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မြင့်သန်း၏ **မွန်ပြည်နယ်ရှိ စစ်ဆေးရေးဂိတ်များမှ တရားမဝင်ဂိတ်ကြေး ကောက်ခံနေမှုပပျောက်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မွန်ပြည်နယ်အတွင်းရှိ စစ်ဆေး ရေးဂိတ်များတွင် နယ်မြေဒေသလုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေးနှင့် တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ သယ်ဆောင်မှုမရှိစေရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ကုန်စည်စီးဆင်း မှုအဟန့်အတားမဖြစ်စေရေး ငွေကြေးတောင်းခံမှုများ မရှိစေရေး၊ ပြည်သူများနှင့်ဆက်ဆံရာတွင် ယဉ်ကျေး ပျူငှာစွာဆက်ဆံစေရေးအတွက် ပြည်နယ်အစိုးရ အဖွဲ့၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီနှင့် ဌာနဆိုင်ရာများအလိုက် တာဝန်ရှိသူ အဆင့်ဆင့်က အလေးထားကြပ်မတ်ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် ငွေကြေးကောက်ခံမှုများရှိ၍ တိုင်ကြား လာပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **ဇေယျာသီရိ မြို့နယ်ရှိ သာယာအေးနှင့် ရွှေကံသာကျေးရွာများ၊ ဒက္ခိဏသီရိမြို့နယ်ရှိ သီရိမင်္ဂလာနှင့် စိုက်ခင်း(၃) ကျေးရွာများကို တရားဝင်ကျေးရွာများအဖြစ် သတ်မှတ် ပေးရန်အစီအစဉ် ရှိမရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်မင်းသူက ဇေယျာသီရိမြို့နယ်ရှိ သာယာအေးကျေးရွာ၊ ရွှေကံသာကျေးရွာနှင့် ဒက္ခိဏ သီရိမြို့နယ်ရှိ သီရိမင်္ဂလာကျေးရွာ၊ စိုက်ခင်း(၃) ကျေးရွာတို့ကို ပြည်ထဲရေးဝန်ကြီးဌာနက အမိန့် ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာ များအဖြစ်သတ်မှတ်နိုင်ရေး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၄(ခ)နှင့်အညီ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံတင်ပြပြီး ခွင့်ပြုချက်ရရှိပါက ကျေးရွာမြေများအဖြစ် အသုံးပြုခွင့်ရရှိရန် ခွင့်ပြုမိန့်၊ ပယ်ဖျက်မိန့်များရရှိနိုင်ရေး နေပြည်တော်ကောင်စီက ဆောင်ရွက်ပြီး ခွင့်ပြုမိန့်များရရှိမှသာလျှင် ပြည်ထဲ ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ် နိုင်ရေး ကျေးရွာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နေပြည်တော်ကောင်စီ က ဆက်လက်ဆောင်ရွက်သွားရမည့်ကိစ္စဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက **“အမျိုးသားဘာသာ၊ စာပေ နှင့်ယဉ်ကျေးမှု၊ ရိုးရာထုံးစံများမပျောက်မပျက်စေ ရေးအတွက် အမျိုးသားဘာသာ၊ စာပေ၊ ယဉ်ကျေးမှု ဆိုင်ရာမူဝါဒနှင့် အမျိုးဘာသာစာပေရေရှည်ထိန်းသိမ်း ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတစ်ခု ရေးဆွဲပြီး တိတိကျကျပြဋ္ဌာန်းသင့်ကြောင်းအဆို”**ကို တင်သွင်း ရာ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေးက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏အဆုံး အဖြတ်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် အဆို ကို လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေး လိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ် ပေးရေးဥပဒေကြမ်း”**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန် အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ရက် ၂၀ မြောက်နေ့ကို အောက်တိုဘာ ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

# တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၆၄ / ၂၀၂၆)
၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၁ ရက်)

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၈-၂-၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃၃/၂၀၂၆)တွင် ဖော်ပြထားသည့် ကြည်း ၂၃၇၅၀ ဗိုလ်မှူးချုပ်အောင်အောင် နေရာတွင် ကြည်း ၂၇၉၅၅ ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းကို အစားထိုးပြောင်းလဲလိုက်သည်။

(ပုံ) **သန်းစိုး**
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါအခွင့်အရေးများဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ်(၂၇) ၆ မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့**နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့ရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ(အားလုံး) ပြည့်စုံစွာဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါအကြောင်းအရာများမှန်ကန်ကြောင်း တိုင်ကြားသူက လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၆၅ / ၂၀၂၆)
၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၁ ရက်)

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ်ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁-၂-၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၃၅/၂၀၂၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(က) **ကယားပြည်နယ်လွှတ်တော်**
ကြည်း ၂၆၈၆၃ ဗိုလ်မှူးကြီးသန်းစိုးအောင် အစား ကြည်း ၃၃၄၃၇ ဗိုလ်မှူးကြီးနောင်လတ်

(ခ) **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**
ကြည်း ၂၄၉၉၃ ဗိုလ်မှူးကြီးဝင်းတင်စိုး အစား ကြည်း ၃၁၅၇၄ ဗိုလ်မှူးကြီးမင်းသိန်း

(ဂ) **မကွေးတိုင်းဒေသကြီးလွှတ်တော်**
ကြည်း ၂၂၄၀၅ ဗိုလ်မှူးကြီးမိုးမင်းသိန်း အစား ကြည်း ၃၁၈၂၃ ဗိုလ်မှူးကြီးနိုင်ဇင်ထွန်း

(ဃ) **မွန်ပြည်နယ်လွှတ်တော်**
ကြည်း ၂၆၈၂၉ ဗိုလ်မှူးကြီးကျော်စွာမြင့် အစား ကြည်း ၃၀၂၇၈ ဗိုလ်မှူးကြီးရဲထွဋ်

(င) **ရခိုင်ပြည်နယ်လွှတ်တော်**
ကြည်း ၂၅၇၇၅ ဗိုလ်မှူးကြီးကျော်သူရ အစား ကြည်း ၃၁၆၈၂ ဗိုလ်မှူးကြီးဇော်လင်းထွန်း

(စ) **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**
ကြည်း ၂၁၈၉၇ ဗိုလ်မှူးကြီးဝင်းတင့် အစား ကြည်း ၃၂၇၆၃ ဗိုလ်မှူးကြီးကျော်ကျော်ဦး

(ဆ) **ရှမ်းပြည်နယ်လွှတ်တော်**
ကြည်း ၂၄၉၇၀ ဗိုလ်မှူးကြီးစိန်ဝင်း အစား ကြည်း ၃၅၃၃၇ ဗိုလ်မှူးကြီးကျော်မျိုးမင်းလတ်

(ပုံ) **သန်းစိုး**
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# လူမှုရေးပင်စင်အစီအစဉ်နှင့်စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် လူမှုရေးပင်စင်အစီအစဉ်၌ အကျိုးခံစားခွင့်ရှိသူများကို ထောက်ပံ့ရန် သုံးလပတ်နှစ်ကြိမ် ခြောက်လစာ ရန်ပုံငွေရရှိခဲ့ပြီး အကျိုးခံစားခွင့်ရှိသူများကို အကျိုးခံစားခွင့်လအလိုက် သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်ထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များက **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား(မူရင်း)**များ ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများက ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များကို ကယား(၀၉-၆၆၅၈၈၁၂၃၂)၊ကရင်(၀၉-၇၇၅၄၄၂၇၄၂)၊ ချင်း(၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း(၀၉-၄၃၁၇၂၅၀၆)၊ တနင်္သာရီ(၀၉-၂၅၂၀၆၉၀၀၂)၊ နေပြည်တော်(၀၉-၂၅၁၀၇၉၄၉၆)၊ ပဲခူး(၀၉-၅၀၃၇၃၄၄)၊ မကွေး(၀၉-၂၅၁၃၁၅၁၃၅)၊ မန္တလေး(၀၉-၇၉၇၄၂၁၄၂၂)၊ မွန်(၀၉-၂၆၀၇၄၃၉၁၃)၊ ရခိုင်(၀၉-၄၂၁၇၆၈၄၅၄)၊ ရန်ကုန်(၀၉-၄၀၂၈၁၀၅၀၆)၊ ရှမ်း(၀၉-၃၆၀၈၃၆၄၈)၊ ဧရာဝတီ(၀၉-၇၈၂၅၇၈၄၆၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၃၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ စတင်ကျင်းပ











နေပြည်တော် အောက်တိုဘာ ၂၁

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန – ၁ ရှိ နီလာခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ရွှေပင်ရွှေဘုန်း(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ကြောက်ဖွယ့်ဘုန်းတန်း(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက သည်ဆောင်းဟေမန်(ဘွဲ့) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

"ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန–၁ ရှိ မြခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့်(အသက်၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ရှင်သီဝလိ(ပြည်လှဖေ) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက အောင်မြင်ခြင်းအတူတူ (စန္ဒရားထွန်းညွန့်) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက အစိန္တေယျ(ဒွေးဒွေးမြင့်) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ် မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သုံးပါးမြတ်ရတနာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့ဂုဏ်ရည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆောင်းဦးဟေမန်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မွေးမေမေ" ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊မွန်ပြည်နယ်၊ရန်ကုန်တိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်ယှဉ်ပြိုင်ကြသည်။

နှဲပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အတိုင်းမသိမင်္ဂလာ" (မင်္ဂလာသြဘာဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထွေတလာလာ"(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အတိုင်းမသိ" (ဝတ်တော်ရုံဘုန်းတော်ဘွဲ့) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ ယှဉ်ပြိုင်ကြသည်။

ဒိုးပတ်အတီးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အိုးစည်အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ် မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခါနွေဆန်း" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်

**စာမျက်နှာ ၂၂ သို့**

စာမျက်နှာ ၂၁ မှအဆက်

ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ပန်းဟောဝန်(တောဘွဲ့ ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်အမျိုးသမီး ပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မေ့ဘဝခဏ ဘယ်သူယူပုံ့မယ်(ကာလပေါ်)သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် ရောဝတီတိုင်းဒေသကြီး ကိုယ်စားပြု အောင်တံခွန်ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကိုဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော်စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ဥဿာမဟာသဘင် ဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို၊ ငို၊ ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့်ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ သဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။










၂၀၁၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ဗဟိုအဆင့်ဟူ၍ အဆင့်ဆင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ဦးရေ၂၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက် မျှော်မှန်းကာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို အစဉ်အလာမပျက် ကျင်းပပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၂၀၂၆ ခုနှစ် ၅ ကြိမ်မြောက် အာရှမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့မှ ပြေးခုန်ပစ်အားကစားနည်း မီတာ ၁၀၀ ပြိုင်ပွဲတွင် အားကစားသမား မလော်လာဝင်းက မြန်မာနိုင်ငံအတွက် ကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရရှိ

ရန်ကုန် အောက်တိုဘာ ၂၁

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင်ကျင်းပလျက်ရှိသည့် ၅ ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့တွင် မြန်မာမသန်စွမ်းပြေးခုန်ပစ်အားကစားနည်းမှ အားကစားသမား မလော်လာဝင်းက အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် စံချိန်(၁၄.၆၇) စက္ကန့်ဖြင့် မြန်မာနိုင်ငံအတွက် တတိယကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၂ ရက် ၅ ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရေကူးအားကစားနည်းမှ အားကစားသမား ညီညီလင်းထက်က အမျိုးသား မီတာ ၁၅၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲအား လည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ အားကစားသမား ဒုတပ်ကြပ် စံတင်က မီတာ ၄၀၀ အပြေးပြိုင်ပွဲအားလည်းကောင်း၊ အားကစားသမား ဇော်မင်းထွန်းက အမြင့်ခုန်ပြိုင်ပွဲတို့ကိုလည်းကောင်း အသီးသီးဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ၅ ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရေကူး၊ ပြေးခုန်ပစ်နှင့် တိုက်ကွမ်ဒိုအားကစားနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ အောက်တိုဘာ ၂၁ ရက်အထိ မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွက် ရေကူးအားကစားနည်းမှ ကြေးတံဆိပ်နှစ်ခု၊ ပြေးခုန်ပစ်အားကစားနည်းမှ ကြေးတံဆိပ် တစ်ခု စုစုပေါင်း ကြေးတံဆိပ်သုံးခုတို့ကို ဆွတ်ခူးရရှိထားပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရေကြောင်းသတိပေးချက်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited ကုမ္ပဏီသည် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းနှင့် ဇောတိကသဘာဝဓာတ်ငွေ့စီမံကိန်းများရှိ Maintenance Area တွင် Subsea Inspection, Repair and Maintenance (IRM) Campaign လုပ်ငန်းများအား MERMAID SAPPHIRE ရေယာဉ်ဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်ထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

ရတနာနှင့် ဇောတိကစီမံကိန်းများ၏ Subsea Inspection, Repair and Maintenance (IRM) Campaign လုပ်ငန်းများဆောင်ရွက်မည့် အကျယ်အဝန်းများကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လုပ်ကွက် M5/M6 ရှိ ရတနာပလက်ဖောင်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ တည်နေရာ Coordinates များ

| Points | Latitude | Longitude |
|---|---|---|
| LCP | 15° 07′ 29″ N | 94° 46′ 59″ E |
| MCP | 15° 07′ 27″ N | 94° 46′ 56″ E |
| PP | 15° 07′ 23″ N | 94° 46′ 55″ E |
| QP2 | 15° 07′ 19″ N | 94° 46′ 56″ E |
| WP1 | 15° 07′ 24″ N | 94 ° 46′ 51″ E |
| WP2 | 15° 09′ 09″ N | 94° 46′ 51″ E |
| WP3 | 15° 02′ 03″ N | 94° 46′ 02″ E |
| WP4 | 15° 09′ 37″ N | 94° 43′ 02″ E |
| YDN Export Line | 15° 07′ 24″ N | 94° 46′ 56″ E |
| YDN Export Line | 14° 34′ 21″ N | 97° 54′ 27″ E |

(ခ) လုပ်ကွက် M9 ရှိ ဇောတိကပလက်ဖောင်းနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ တည်နေရာ Coordinates များ

| Points | Latitude | Longitude |
|---|---|---|
| ZPQ | 14° 11′ 27.800″ N | 96° 02′ 44.200″ E |
| ZWP1 | 14° 11′ 29.300″ N | 96° 02′ 49.100″ E |
| ZWP2 | 14° 16′ 35.700″ N | 96° 02′ 28.900″ E |
| ZWP3 | 14° 09′ 31.800″ N | 95° 56′ 47.300″ E |
| ZWP4 | 14° 01′ 34.137″ N | 95° 49′ 21.293″ E |
| ZWP5 | 14° 24′ 31.817″ N | 96° 02′ 02.443″ E |
| ZWP6 | 14° 08′ 28.681″ N | 95° 51′ 24.769″ E |
| ZWP7 | 14° 10′ 37.972″ N | 96° 04′ 48.017″ E |
| ZWP8 | 14° 19′ 06.252″ N | 95° 50′ 24.582″ E |
| ZWP9 | 14° 14′ 22.200″ N | 96° 09′ 07.390″ E |
| ZWP10 | 14° 18′ 37.184″ N | 96° 01′ 15.750″ E |
| ZWP11 | 14° 12′ 04.440″ N | 95° 48′ 36.450″ E |
| ZWP12 | 14° 11′ 52.798″ N | 95° 36′ 43.586″ E |
| ZWP13 | 14° 29′ 07.836″ N | 95° 59′ 22.765″ E |
| ZWP14 | 13° 59′ 54.310″ N | 95° 47′ 45.410″ E |
| ZWP15 | 14° 16′ 27.010″ N | 96° 05′ 12.954″ E |
| ZWP16 | 14° 15′ 20.183″ N | 95° 33′ 27.373″ E |
| ZWP17 | 14° 31′ 04.848″ N | 96° 00′ 39.758″ E |
| ZWP18 | 13° 57′ 00.176″ N | 95 46′ 05.549″ E |
| ZWP19 | 14° 15′ 24.134″ N | 95° 56′ 51.007″ E |
| ZTK Export Line | 14° 11′ 27.71″ N | 96° 02′ 47.03″ E |
| ZTK Export Line | 14° 27′ 34.2936″ N | 97° 54′ 13.313″ E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် (M5/M6)နှင့် M9 ပိုက်လိုင်းများ စစ်ဆေးပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို တိုင်းတာရေးသင်္ဘော MERMAID SAPPHIRE ဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်ထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ပိုက်လိုင်းများ စစ်ဆေးပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းနှင့် တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ထားသည်။

# မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိမြတ်စွာဘုရား ၁၃၆ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ



မန္တလေး အောက်တိုဘာ ၂၁

ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားတော်မူခဲ့သည့် အောင်မြေသာစံမြို့နယ် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားနှင့် နန်းမြေဘုံသာ စံနန်းတော်ရာ စန္ဒာမုနိမြတ်စွာဘုရားတို့၏ ၁၃၆ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားတောင်ဘက်မုခ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကုသိုလ်တော်ဘုရားဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၁၃၆ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကပြဖျော်ဖြေ တင်ဆက်ခဲ့ကြသည့် အဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ယနေ့ညနေပိုင်းတွင် ၂၀၂၆ ခုနှစ် ပထမအကြိမ် တံတားဦးမြို့နယ်လုံးဆိုင်ရာ ချစ်ကြည်ရေးနှင့် ညီညွတ်ရေးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို တံတားဦးခရိုင် တံတားဦးမြို့နယ်ရှိ မြို့နယ်အားကစားကွင်းတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အကောင်းဆုံးအားကစားသမားဆုများနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့်အသင်းများကို တစ်ဦးချင်းဆုနှင့် ဂုဏ်ပြုဆုငွေများ၊ ပါဝင်ဆောင်ရွက်ပေးခဲ့သည့်အဖွဲ့များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများ၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပထမဆုရရှိသည့် ဆင်ကျုံးအသင်းကို တစ်ဦးချင်းဆုများကိုလည်းကောင်းချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမ တံခွန်စိုက်ဆုရရှိသည့် ဆင်ကျုံးအသင်းကို တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှု ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိ





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မမြရေလှောင်တမံဆင်ခြေလျှောမြေသားနိမ့်ကျမှုပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

နေပြည်တော် အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှဆည်ရေများ လျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုကို ပြန်လည်ပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့်ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေကို ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် တမံရှိရေ ၃၀၁ ဒသမ ၆ ပေသာ ကျန်ရှိတော့သဖြင့် ၁၃ ဒသမ ၄ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ၂၁-၁၀-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၃ ~ ၃၆၇၀ | ၅၅၈.၁ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၇၈၂,၃၃၄.၈၂ | ၅၃,၈၄၇,၈၁၄.၀၀ | ၁၁,၈၅၀,၆၅၉.၅၄ | - |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို





ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကလေးတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး ရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

အလားတူ ယနေ့ညနေပိုင်းတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကိုကျင်းပရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဟုမ္မလင်းတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

---

### ❖ မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲမှ

ရှမ်းယူနိုက်တက်အသင်းတို့နိုင်ပွဲများရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၀) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ဗဟန်းအားကစားကွင်းတွင် ချင်းလန်း အက်ဖ်စီအသင်းနှင့် ISPE အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ISPE အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၇ မိနစ်၊ ၁၉ မိနစ်၊ မိနစ် ၂၀ တို့တွင် စစ်ငြိမ်းချမ်းဦး၊ ပွဲချိန် ၂၄ မိနစ်တွင် အောင်မြင့်မြတ်၊ ပွဲချိန် ၂၇ မိနစ်တွင် မင်းကိုခန့်၊ ပွဲချိန် ၈၉ မိနစ်တွင် ချစ်ဝိုင်းခန့်တို့က သွင်းယူနိုင်ခဲ့သည်။

ထို့အတူ ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၂ မိနစ်တွင် လမင်းပြည့်စုံ၊ ပွဲချိန် ၄၅ မိနစ်အပြီး အချိန်ပို လေးမိနစ်တွင် ကျော်ညီညီ၊ ပွဲချိန် ၉၁ မိနစ်တွင် ကောင်းမြတ်အောင်တို့က သွင်းယူနိုင်ခဲ့ပြီး ရန်ကုန်စီးတီးအသင်း အတွက်သွင်းဂိုးများကို ပွဲချိန် ၆၃ မိနစ်တွင် ထက်အာကာဝင်း၊ ပွဲချိန် ၇၃ မိနစ်တွင် ထူးအံ့ဝင်းတို့က သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက မြဝတီ အက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ၃၆ မိနစ်တွင် ကောင်းခန့်ဟိန်း၊ ပွဲချိန် ၄၅ မိနစ်အပြီး အချိန်ပိုသုံးမိနစ်တွင် မြဝတီအက်ဖ်စီအသင်းမှ အောင်ဇင်ဖြိုးက ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့မိသည့်အတွက် ဒုတိယသွင်းဂိုး ရရှိခဲ့ပြီး ပွဲချိန် ၉၂ မိနစ်တွင် ကောင်းထက်ကျော်က ဂိုးထပ်မံသွင်းယူနိုင်ခဲ့ကာ မြဝတီ အက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၂ မိနစ်တွင် ကျော်ဇေယျာခန့်၊ ပွဲချိန် မိနစ် ၈၀ တွင် ဘုန်းခန့်ဖြိုးတို့က သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။ STA

---

### ❑ အခြေခံစပါးရည်ညွှန်းဈေးနှုန်းမှ

သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်း စပါးဈေးနှုန်းကို ငွေကျပ် ၁၃၅၀၀၀၀ သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင် ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်း အောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၆ ခုနှစ် မိုးစပါးနှင့် ၂၀၂၇ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ် ရုံးချုပ်(ဖုန်း ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်**
**အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့**

---

### ■ ဖမ်းဆီးရမိမှ

MITSUBISHI FUSO အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၄၅ ဒသမ ၇ သိန်း (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၂၈၅ ဘီလီယံ) ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အောက်တိုဘာ ၁၈ ရက် နံနက် ၆ နာရီခွဲတွင် ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများ သယ်ဆောင်ခိုင်းသူ ပြင်ဦးလွင်မြို့ ရေချမ်းအိုးရပ်ကွက်နေ လီဆာ ခေါ် ယောလှ ခေါ် ရှမ်းလေး ၃၁ နှစ်ကို မိုးကုတ်မြို့ မင်းတံတားရပ်ကွက်တွင် LANDCRUISER မော်တော်ယာဉ် တစ်စီး၊ ငွေကျပ်သိန်း ၁၉၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် သန်းထွန်းအောင်၊ အေးမင်းထွေး၊ လီဆာ ခေါ် ယောလှ ခေါ် ရှမ်းလေးတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ဝင်းဦးကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီခွဲတွင် သတင်းအရ ကလေးမြို့နယ် အင်းပြင်ရွာနေ ဝင်းဦး ၄၅ နှစ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၂ သိန်း (တစ်ပြားလျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၆၀၀) ဖမ်းဆီးရမိသဖြင့် ဝင်းဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

---

### ❍ အယ်လ်နီညိုမှ

အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလတို့တွင် အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလတို့၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလျှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

---

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**




တပ်မတော်စစ်ကြောင်းများက လောင်းရှည်-လှိုင်ဒုတ်-ကျင်ဒွေးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးကာ စစ်စခန်းအဖြစ်အသုံးပြု၍ခိုအောင်းနေထိုင်နေသည့် ကျေးရွာများနှင့်စခန်းကုန်းနေရာများ သိမ်းပိုက်ရရှိမှုနေရာပြမြေပုံ။

☆ ကျောဖုံးမှအဆက်

တည်ရှိသည့် ကျင်ဒွေးမြို့ရှိ မြို့လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှစ၍ အင်အားအလုံးအရင်း အသုံးပြုကာ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မြို့ကိုယာယီစိုးမိုးကာ အဖျက်အမှောင့်လုပ်ရပ်များကို ဥပဒေမဲ့ကျူးလွန်ခဲ့ကြသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ နေအိမ်အဆောက်အအုံများ၊ ပစ္စည်းဥစ္စာများကိုစွန့်လွှတ်၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် အဆိုပါ ကျင်ဒွေးမြို့ကို ယာယီစိုးမိုးထားစဉ်အတွင်း မြို့တွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများအတွင်း ယာယီခံစစ်စခန်းများ ပြုလုပ်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံပြည်သူများ၏ နေအိမ်များနှင့် ဈေးဆိုင်ခန်းများကို ဖောက်ထွင်း၍ အဖိုးတန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် အသုံးအဆောင်ပစ္စည်းများကို အတင်းအဓမ္မယူဆောင်ခြင်း၊ ကျင်ဒွေးမှတစ်ဆင့် လှိုင်ဒုတ်-လောင်းရှည် ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင်ဝင်ရောက်နေထိုင်၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လမ်း၊ တံတားများ ဖောက်ခွဲဖျက်ဆီးခြင်း၊ အခိုင်အမာခံစစ်စခန်းများ တည်ဆောက်ခြင်းများအပြင် အဆိုပါ လမ်းကြောင်းတစ်လျှောက်တွင် မိုင်းထောင်ခြင်း၊ လမ်းကြောင်း၌ သွားလာလျက်ရှိသည့် မော်တော်ယာဉ်များထံမှ ဆက်ကြေးကောက်ခံခြင်း၊ အပြစ်မဲ့ ခရီးသွားပြည်သူများကို ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အတွက် ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များအနေဖြင့် ဖြတ်သန်းသွားလာရန် ကန့်သတ်ချက်များကြောင့် ဒေသတွင်း ကုန်စည်စီးဆင်းမှုရပ်တန့်ခဲ့ရပြီး ကုန်ဈေးနှုန်းအဆမတန်ကြီးမြင့်ခြင်းများဖြစ်ပေါ်ခဲ့ကာ ဒေသခံတိုင်းရင်းသားပြည်သူများမှာ စားဝတ်နေရေးအတွက် ဒုက္ခကြီးစွာခံစားရလျက်ရှိပြီး ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားဘဝများ အဘက်ဘက်က များစွာနိမ့်ကျလျက်ရှိသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံပြည်သူများ လုံခြုံစိတ်ချရသည့် လူမှုစီးပွားဘဝများဖြင့် လုပ်ကိုင်နေထိုင်နိုင်ရေးတို့အတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထိန်းချုပ်ထားသည့် လောင်းရှည်-လှိုင်ဒုတ်-ကျင်ဒွေးလမ်းကြောင်းကို အမြန်ဆုံးပြန်လည်ထိန်းချုပ်နိုင်ရန် လောင်းရှည်တွင် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး စစ်ကြောင်းများခွဲ၍ ဟန်ချက်ညီညီဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်၍ အခက်အခဲများကြားမှ ရဲဝံ့စွန့်စားစွာဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ စက်တင်ဘာ ၂၄ ရက်တွင် ပွိုင့်-၆၁၀ တောင်ကုန်းကိုလည်းကောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ရင်းကဲကျေးရွာကိုလည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် ပွိုင့်-၉၃၄ တောင်ကုန်းနှင့် ဆွဲလွဲကျင်းကျေးရွာကိုလည်းကောင်း၊ စက်တင်ဘာ ၂၉ ရက်တွင် ပွိုင့်-၁၀၅၉ တောင်ကုန်းကိုလည်းကောင်း၊ အောက်တိုဘာ ၄ ရက်တွင် မဆွာတွီကျေးရွာကိုလည်းကောင်း၊ အောက်တိုဘာ ၈ ရက်တွင် ပွိုင့်-၁၂၇၆ တောင်ကုန်းကိုလည်းကောင်း၊ အောက်တိုဘာ ၂၀ ရက်တွင် ကျင်ဒွေးမြို့၏ အရှေ့မြောက်ဘက် မီတာ ၁၂၀၀၀ ခန့်အကွာ ပွိုင့်-၁၇၃၂ အနီးရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ စခန်းနေရာကိုလည်းကောင်း အဆင့်ဆင့်ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး ယနေ့ အောက်တိုဘာ ၂၁ ရက်တွင် လှိုင်ဒုတ်ကျေးရွာကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းပေါ်ရှိ ကျေးရွာများနှင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အခြေပြုနေရာများကို ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊ငယ် ထိတွေ့မှု စုစုပေါင်း ၂၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၁ လောင်း၊

စာမျက်နှာ ၂၆ သို့



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော လောင်းရှည်-လှိုင်ဒုတ်-ကျင်ဒွေး လမ်းကြောင်းပေါ်ရှိ မဆွာတွီကျေးရွာ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့မှုမှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော လောင်းရှည်-လှိုင်ဒုတ်-ကျင်ဒွေး လမ်းကြောင်းပေါ်ရှိ ဆွဲလွဲကျင်းကျေးရွာ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့မှုမှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော လောင်းရှည်-လှိုင်ဒုတ်-ကျင်ဒွေးလမ်းကြောင်းပေါ်ရှိ ပွိုင့် ၅၇၆ တောင်ကုန်းအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့မှုမှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက ဆွဲလွဲကျင်းကျေးရွာရှိ စာသင်ကျောင်းတွင် ခံစစ်ကျင်းများ၊ ဘန်ကာများပြုလုပ်၍ စစ်စခန်းအဖြစ်အသုံးပြုထားမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက မဆွာတွီကျေးရွာအနီးတွင် ပစ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများတူး၍ စစ်စခန်းအဖြစ်အသုံးပြုထားမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက ပွိုင့် ၁၇၃၃ တောင်ကုန်းတွင် ယာယီတဲများဆောက်လုပ်၍ စစ်စခန်းအဖြစ်အသုံးပြုထားမှု မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၅ မှအဆက်**

လက်နက်မျိုးစုံ ၁၂ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် များစွာအထောက်အကူပြုအရေးပါသည့် လောင်းရှည်-လှိုင်ဒုတ်-ကျင်ဒွေး ဆက်သွယ်ရေးလမ်းကြောင်းကို အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ ပြန်လည်ပြုပြင်ပေးခြင်း လုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည်များဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)









ဗိုလ်ငှ ၁၂၇၆ တောင်ကုန်းရှိ အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

## ကေဗွီ ၂၃၀ ကနောင်ပင်မဓာတ်အားခွဲရုံတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဓာတ်အားပိတ်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးပန်ကြားချက်

**နေပြည်တော် အောက်တိုဘာ ၂၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ကေဗွီ ၂၃၀ ကနောင်ပင်မဓာတ်အားခွဲရုံရှိ လျှပ်ကာဓာတ်ငွေ့ ယိုစိမ့်မှုဖြစ်ပေါ်နေသော ဓာတ်အားဖြတ်ခလုတ် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၂ ရက် **(ယနေ့)** နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ အေးရွာမြို့နယ်နှင့် ဒလမြို့နယ်တို့ရှိ စက်ရုံ၊ အလုပ်ရုံများ၊ ရပ်ကွက်နှင့်ကျေးရွာများ အချိန် ခြောက်နာရီခန့်ကြာ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## MCCT အစီအစဉ်နှင့်စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် MCCT အစီအစဉ်၌ အကျိုးခံစားခွင့်ရှိသူများကို ထောက်ပံ့ရန် သုံးလပတ် နှစ်ကြိမ် ခြောက်လစာရန်ပုံငွေရရှိခဲ့ပြီး အကျိုးခံစားခွင့်ရှိသူများကို အကျိုးခံစားခွင့်လအလိုက် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများအနေဖြင့် သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်ထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် **သို့မဟုတ်** ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်(မူရင်း)**များယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများမှပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များကို ကယား(၀၉-၆၆၅၈၈၁၂၃၂)၊ ကရင်(၀၉-၄၂၅၀၀၃၇၄၈)၊ ချင်း(၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း(၀၉-၂၅၈၇၃၆၅၉၀)၊ ရခိုင်(၀၉-၂၅၀၅၉၉၉၈၀)၊ ရှမ်း(၀၉-၃၆၀၈၃၆၄၈)၊ ဧရာဝတီ(၀၉-၇၈၂၅၇၈၄၆၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၇၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ် အဆောက်အအုံတစ်လုံးမှာ ယနေ့ထိ ၆၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် နှစ်လုံးတို့ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့်အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ်အဆောက်အအုံကို မဖြိုဖျက်မီတွေ့ရစဉ်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ်အဆောက်အအုံကို ယာဉ်ယန္တရားဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုကိုတွေ့ရစဉ်။

✱ လဲချားမြို့နယ်မှ

လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် လဲချားမြို့၏ အရှေ့တောင်ဘက်မီတာ ၁၀၀၀၀ ခန့်အကွာ ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ပေ ၃၀၊ အနံ ၁၅ ပေရှိ ယာယီအလုပ်ရုံတဲ တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၁၅ ပေရှိ ယာယီ လူနေတဲကြီး တစ်လုံး၊ အလျား ပေ ၂၀၊ အနံ ၁၅ ပေရှိ ယာယီလူနေတဲ အသေး တစ်လုံးနှင့် ယာယီထမင်းချက်ဆောင် တစ်လုံး၊ Star Link သုံးလုံး၊ Laptop ရှစ်လုံး၊ Power Station လေးလုံး၊ ဖုန်း မျိုးစုံ အလုံး ၂၀၊ Network လိုင်းခွဲစက် ခုနစ်လုံး၊ Network Router သုံးလုံး၊ မီးစက် အကြီး တစ်လုံး၊ ပလတ်စတစ် ထိုင်ခုံ အလုံး ၃၀၊ ခေါက်စားပွဲ လေးလုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာတစ်ဝိုက်ကို ဆက်လက်ရှင်းလင်းရာ တရုတ်နိုင်ငံသား အမျိုးသား သုံးဦးတို့ကို ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဟိုပုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုနေရာပြမြေပုံ။



လဲချားမြို့နယ် ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိသည့် မှတ်တမ်းဓာတ်ပုံ။

# ထိုနေ့က ဖုန်းပျောက်သည်

မစန္ဒာ



**ယမန်နေ့မှအဆက်**

နည်းပညာခေတ်ကလည်း လက်ကိုင်ဖုန်းခေတ်ဖြစ်နေပြီဟု သမီးထင်သည်။ အမေပြောတော့ ဈေးထဲက ဈေးသည်တွေဆီမှာလည်း လက်ကိုင်ဖုန်းကိုယ်စီ ရှိကြသည်တဲ့။ အသားဝယ်ဝယ်၊ ငါးဝယ်ဝယ်၊ အသီးအရွက်ဝယ်ဝယ်၊ နောက်ဆုံး ပဲပလာတာနှင့် အီကြာကွေး ဝယ်ချင်လျှင်ပင် ဖုန်းဆက်မှာ၍ရသည်ဟုဆိုသည်။ မုန့်ဗိုင်းတောင့်သည် ကောင်မလေးဆီမှာ မုန့်ဝယ်ရာ မော်မကြည့်ဘဲ ဖုန်းကိုသာပွတ်နေသဖြင့် လှည့်ထွက်ခဲ့ရသည်ဟူ၍လည်း ညည်းနေသေးသည်။

"အင်း ...လူတကာ ကိုင်နေကြပြီဆိုတော့လဲ သူလဲ ကိုင်ချင်ရှာမှာပေ့ါလေ"

သမီးက ကရုဏာနှင့်တွေးသည်။ ပေ့ါပေ့ါပါးပါး သွက်သွက်လက်လက်ရှိကာ ရိုးလည်းရိုးသားသောကြောင့် ခင်ဖုန်းကို သမီးမေတ္တာရောက်သည်။ အမေ့အတွက် အကူအညီရ၍လည်း အလိုလိုအရေးပေးပြီး ဆက်ဆံမိသည်။

"သင်းသင်းတို့ မသက်တို့ဆိုရင် သူတို့ဓာတ်ပုံတွေကို ဖေ့ဘွတ်မှာတင်တယ်၊ လှမှလှပဲ"

"သူတို့မှာ ဖေ့ဘွတ်အကောင့်ရှိလို့လား"

"ရှိတာပေ့ါမမရဲ့၊ အဲဒီထဲမှာ သင်းသင်းရဲ့နာမည်က "သင်းမာလာစိုး" တဲ့"

"ဩော်"

"မသက်ကတော့ "ချစ်သက်ဝေ"တဲ့"

"ဩော်"

"သူတို့မှာ Friend တွေလဲ အများကြီးတဲ့"

ဒါကြောင့်လည်း အဒေါ်တွေက "အိမ်အကူဆိုတာ မရှိတော့လည်းဒုက္ခ၊ ရှိတော့လဲဒုက္ခ"ဟု ပြောတတ်ကြခြင်းဖြစ်မည်ထင်သည်။

"အိမ်ရှင်တွေ အပြင်ထွက်ရင် သူတို့ဖုန်းတွေ ပွတ်ကြတာပဲ၊ ဖုန်းဘေဖိုးလဲ တော်တော်ကုန်တယ်တဲ့"

"နေပါအုံး၊ နင်ကကော သူတို့လို ဖုန်းပွတ်ချင်လို့ ဖုန်းလိုချင်နေတာလား၊ အဲဒါဆိုရင်တော့ မဖြစ်ဘူးနော်"

"နည်းနည်းတော့ ပွတ်ကြည့်ချင်တာပေ့ါ မမရယ်၊ ဒါပေမဲ့ ခင်ဖုန်းက ကိုယ့်အလုပ်ကိုပြီးအောင် အရင်လုပ်မှာပါ၊ လုပ်ရမယ့်အလုပ်တွေ မပြီးသေးဘဲနဲ့များ ဖုန်းကိုလှည့်မကြည့်ဘူး"

ခင်ဖုန်းက အာမခံသည်။ တကယ့်တကယ်ကလည်း သူ့လခလေးကို သူစုထားပြီး လက်ကိုင်ဖုန်းဝယ်ခြင်းသည် သူ၏အခွင့်အရေးသာ ဖြစ်လေသည်။ တားမြစ်၍လည်း မသင့်တော်ပေ။

"သင့်သင့်တင့်တင့်လေး ဝယ်ပေးလိုက်ပါ သမီးရယ်၊ သနားပါတယ်၊ သူများတကာတွေ ကိုင်နေကြတော့ သူလည်းကိုင်ချင်မှာပေ့ါ"

ဒေါ်မြမြအေးကလည်း ဖေးဖေးမမလေး ပြောသည်။ သို့နှင့်ပင် ခင်ဖုန်းလည်း လက်ကိုင်ဖုန်းလေး တစ်လုံးကို ပိုင်ဆိုင်ခွင့်ရရှိခဲ့လေသည်။

တစ်အိမ်လုံးအတွက် မရှိမဖြစ်ဖုန်းက လက်ကိုင်ဖုန်းဖြစ်သော်လဲ၊ သူ့အတွက် မရှိမဖြစ်ဖုန်းကတော့ ခင်ဖုန်းဖြစ်သည်။ ခင်ဖုန်းသာမရှိလျှင် ချက်ရေး၊ ပြုတ်ရေး၊ သန့်ရှင်းရေးများအတွက် တော်တော်လေး ကသီမည်ဖြစ်သည်။ ထို့ကြောင့် ခင်ဖုန်းကို ပျော်ပျော်ရွှင်ရွှင်ရှိစေချင်သည်။

"သူလိုချင်တာရတော့လဲ သူ့ခမျာ တပြုံးပြုံးနဲ့ ပျော်နေလိုက်တာကွယ်၊ သနားစရာ"

ဒေါ်မြမြအေးက သူ့သမီးကို တိုးတိုးတိတ်တိတ်ပြောသည်၊ ပျော်နေသော ခင်ဖုန်းကိုကြည့်ပြီး သူတို့ပါ ရောပြီးပျော်သလိုလိုနှင့် စိတ်ချမ်းသာခဲ့ရသည်။

ခင်ဖုန်းကလည်း တော်ရှာသည်။ လုပ်နေကျအလုပ်ကို လုံးဝအပျက်မခံပေ။ အရင်တုန်းကလိုပင် ပေ့ါပါးသွက်လက်စွာလုပ်ရင်း သီချင်းလေးများပင် ညည်းနေတတ်လေသည်။

သို့ပါသော်လည်း မီးပူတိုက်လျှင်တော့ ထိုင်နေရ၍လားမသိ၊ အိပ်ငိုက်တတ်လာသည်ကို ဒေါ်မြမြအေး သတိထားမိလာသည်။ တစ်ခါတုန်းကတော့ ညှော်ပါသည်ဟူ၍ ကြည့်လိုက်တော့ မျက်လုံးစုံမှိတ်ပြီး ငုတ်တုတ်ကြီး အိပ်ပျော်နေလေသည်။ မီးပူအောက်က သားကြီးအင်္ကျီကတော့ အငွေ့တွေ တထောင်းထောင်း ထွက်နေပြီ ဖြစ်သည်။

"ခင်ဖုန်းရယ်၊ ဘယ်လိုဖြစ်တာလဲ၊ နင်အိပ်ရေးမှဝရဲ့လား၊ ညက မအိပ်ဘူးလား"

ဒေါ်မြမြအေးက မေးတော့ ရှက်ပြုံးလေးပြုံးကာ "အိပ်ပါတယ် အမေကြီးရဲ့"ဟုဖြေသည်။ လှေကားအောက်က အခန်းလေးသည် သူ့အတွက်ဖြစ်၍ ခင်ဖုန်း လွတ်လွတ်လပ်လပ်အိပ်ရသည်။ မနက်မိုးလင်း ဒေါ်မြမြအေးနိုးလာလျှင်တော့ သူက ထမင်းအိုးတည်ပြီးဖြစ်လေသည်။ အခုတော့ မရွှေခင်ဖုန်း အိပ်ရာထနောက်ကျသည်မှာ နှစ်ခါ၊ သုံးခါပင်ရှိပြီဖြစ်သည်။

"ညက မျက်စိကြောင်ပြီး အိပ်မရဘူး အမေကြီးရဲ့၊ မိုးလင်းခါနီးမှ အိပ်ပျော်သွားလို့ပါ"

"နင် မအိပ်ဘဲနဲ့ ဖုန်းများပွတ်နေသလားဟယ်"

"ဟုတ်ပါဘူး အမေကြီးရယ်၊ တစ်ခါတလေသာ သင်းသင်းနဲ့ စကားပြောတာပါ"

"ဟဲ့ သင်းသင်းကလဲ ညအိပ်ချိန်မှာမအိပ်ဘူးလား"

ဒေါ်မြမြအေး အတန်ငယ် စိတ်ပူလာသည်။ အင်္ကျီမီးကျွမ်းသည်ကလည်း သုံးခါရှိပြီဖြစ်သည်။

"သိပ်တော့စိတ်မချနဲ့ အမေ၊ တစ်ယောက်တည်းလဲသိပ်မလွှတ်နဲ့၊ တော်ကြာ လက်ကိုင်ဖုန်းထဲမှာ တွေ့တဲ့သူနဲ့ အပြင်မှာချိန်းတွေ့နေအုံးမယ်"

သမီးက သတိပေးသည်။ လူကိုသာစောင့်ကြည့်ပြီး ထိန်း၍ရမည်။ သူ၏စိတ်ကိုတော့ မည်ကဲ့သို့စောင့်ကြည့်ပြီး မည်ကဲ့သို့ ထိန်းရပါမည်နည်း။ ဒေါ်မြမြအေး မတွေးတတ်ရှာချေ။

တစ်နေ့ကတော့ ခင်ဖုန်းအိမ်သာတက်နေစဉ် ကြက်သွန်တောင်းထဲ ထည့်ထားခဲ့သော သူ၏ဖုန်းဆီမှ သီချင်းသံထွက်လာသည်။

"လူလိမ်လူညာကြီးပေ့ါကွာ အာဖြီးတဲ့ကိုကို၊ အချစ်က မိုးလောက်ကြီးပါသတဲ့ ပြောတဲ့ကိုကို"တဲ့လေ။ "ဩော်.... သူ့ရဲ့ဖုန်းခေါ်သံက အဲဒီလိုလား"ဟု ပြုံးမိစဉ် မရွှေခင်ဖုန်းက အိမ်သာထံမှ ကမန်းကတန်းထွက်လာသည်။ သူ၏ဖုန်းကို ပြေးကောက်သည်။ ဒေါ်မြမြအေး ကောက်ကိုင်မှာကို စိုးရိမ်နေဟန်က သိသာလွန်းလှသည်။

"ဘယ်သူဆက်တာမို့လို့လဲဟယ်၊ နင့်ကြည့်ရတာ ပျာနေတာပဲ"

"အမေကြီးကလဲ သူငယ်ချင်းပါ"

"ဘာသူငယ်ချင်းလဲ ခင်ဖုန်းရယ်၊ နင့်ကြည့်ရတာ မဟုတ်တော့ဘူးနော်၊ ရှုပ်ရှုပ်ယှက်ယှက်တွေတော့ လုပ်မလာနဲ့"

"မရှုပ်ပါဘူး အမေကြီးရဲ့၊ အပျင်းပြေပါ"

"ဘုရား"

ခင်ဖုန်း၏ ရယ်ကျဲကျဲမျက်နှာက အတန်ငယ်နီနေသည်။ ဒေါ်မြမြအေးခမျာမှာတော့ သွေးပေါင်ချိန်တွေပင် တက်ချင်လာသည်။

"ငါမကြိုက်ဘူးနော် ခင်ဖုန်း၊ နင်ဒီလိုလုပ်နေရင် ပေးစမ်း အဲဒီဖုန်း၊ ငါပြန်သိမ်းထားတော့မယ်"

ဒီတစ်ခါတော့ ခင်ဖုန်းမျက်နှာ ပျက်သွားသည်။ ဖုန်းကိုင်ထားသောလက်ကို နောက်ဘက်သို့ဝှက်လိုက်သည်။ "အဲဒီလိုတော့ မလုပ်ပါနဲ့၊ ဖုန်းမရှိရင် ကျွန်မမနေနိုင်ဘူး"ဟု အသံပြတ်နှင့်ပြောသည်။

"ဒုက္ခပါပဲဟယ်၊ အဲဒါက နင့်အတွက်ရော မရှိမဖြစ်ဖြစ်သွား ပြန်ပြီလား"

ခင်ဖုန်းက ဘာမှပြန်မပြော၊ ချိုနေကျမျက်နှာလေးမှာ ညိုနေသည်။ သူ့လက်ထဲမှ လက်ကိုင်ဖုန်းလေးကိုတော့ ဘယ်သူတောင်းတောင်းမပေးဘူးဟု သန္နိဋ္ဌာန်ချထားဟန်နှင့် ခပ်တင်းတင်းဆုပ်ကိုင်ထားလေသည်။ ထိုစဉ် ကိုရွှေဖုန်းဆီမှ သီချင်းသံထွက်လာပြန်သည်။

"လူလိမ်လူညာကြီးပေ့ါကွာ အာဖြီးတဲ့ကိုကို.... အချစ်က မိုးလောက်ကြီးပါသတဲ့ ပြောတဲ့ကိုကို... ဟင့်... ပြောတဲ့ကိုကို"

(၂)

နောက်သုံးရက်လောက်နေတော့ မိုးအလင်းတွင် ခင်ဖုန်းကို မတွေ့ရတော့ပေ။ သူ့အခန်းတံခါးလည်းပွင့်၊ ခြံတံခါးလည်းပွင့်၊ အိမ်တံခါးလည်းပွင့်နေသည်။

**အမေကြီးရှင့်–**

ကျွန်မချစ်သူနောက် လိုက်သွားပါပြီရှင့်၊ အမေကြီးဆီမှာစုထားတဲ့ ကျွန်မရဲ့လခတွေကို နောက်မှလာယူပါ့မယ်ရှင့်။

ထိုစာကလေးကိုတော့ ထမင်းပေါင်းအိုးပေါ်တွင် တင်ထားခဲ့သည်။

"ဒုက္ခပါပဲဟယ်၊ ဘာမှန်းမသိညာမှန်းမသိ၊ ဘယ်ကလူမှန်းလဲမသိ လူမှောင်ခိုဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

သားသမီးချင်းစာနာစိတ်နှင့် ဒေါ်မြမြအေး ရင်ပူနေသည်။ လူပျောက်လည်း တိုင်ထားရသည်။ သူ၏ကျန်သောငွေကို ပွဲစားက လာတောင်းပြီး ကောင်းကောင်းမွန်မွန် ပျော်ရွှင်နေပါသည်ဟူသော သတင်းကြားမှ စိတ်အေးရတော့သည်။

ကူဖော်လောင်ဖက် မရှိတော့သည့်အတွက်တော့ ဒေါ်မြမြအေး ဒုက္ခရောက်ရှာသည်။ နောက်ထပ် အိမ်အကူမိန်းကလေးများ ခေါ်ရသည်။ တစ်ယောက်မျှစိတ်တိုင်းမကျ။ ဘယ်လိုမှ အချိုးမပြေလှပေ။ နောက်လူများနှင့် အဆင်မပြေတိုင်း သူက ဒေါသဖြစ်တတ်သည်။ မြန်မြန်ဆန်ဆန် သွက်သွက်လက်လက်ရှိသော ခင်ဖုန်းကိုသတိရသည်။ ဖုန်းပွတ်နေသော သူတို့သားအဖတွေကိုလည်း မျက်စောင်းခဲတတ်သည်။

တစ်နေ့တော့ သားငယ်က သူ၏ 'ဖုန်း' ကို ရှာမတွေ့တော့ချေ။ "ခါးပိုက်နှိုက်ခံရတာလား၊ ကျန်ခဲ့တာလား၊ ဘာမှန်းမသိတော့ဘူး။ ဖုန်းခေါ်ကြည့်တော့လည်း ပိတ်ထားတယ်"ဟု မျက်နှာပျက်ပျက်နှင့် ပြောလေသည်။ "ဖုန်းထဲက ဓာတ်ပုံတွေစုထားတဲ့ ဒေတာတွေကို သိပ်နှမြောတာပဲ"ဟု ငြီးငြူရင်း ဖုန်းအသစ်တစ်လုံးဝယ်သည်။

ဒေါ်မြမြအေးခမျာမှာတော့ နောက်ကောင်မလေးများနှင့် အဆင်မပြေလေ ခင်ဖုန်းကို သတိရလေပင်ဖြစ်တော့သည်။

"နင်တို့ရဲ့ဖုန်းတွေက ဘယ်နှလုံးပျောက်ပျောက် အသစ်ပြန်ဝယ်လို့ရတယ်။ ငါ့ရဲ့ဖုန်းကတော့ အပြီးပျောက်ပြီး လင်နောက်ပါသွားတာ၊ ပြန်ဝယ်လို့မရဘူးဟဲ့"ဟု တဖျစ်တောက်တောက်နှင့် ပြောနေတတ်လေသည်။

# ကျေးလက်စီးပွားတိုးတက်မှုမှသည် နိုင်ငံ့စီးပွားမြင့်မားရေးဆီသို့

စိုးမိုးဝင်း(စိုက်ပျိုးရေး)

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စားရေရိက္ခာဖူလုံမှုတို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် အဓိကမဏ္ဍိုင်အဖြစ် ရပ်တည်နေသည်။ မြန်မာနိုင်ငံသည် ရေမြေတောတောင်သဘာဝ သယံဇာတပေါကြွယ်ဝပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင်နေထိုင်ကာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် အမှီပြုလုပ်ကိုင်နေကြသူများဖြစ်သည်။ နိုင်ငံ၏အဓိကကျောရိုးဖြစ်သော ကျေးလက်စီးပွားရေးကဏ္ဍကိုမြှင့်တင်ရန် ရိုးရာနည်းလမ်းများမှခွဲထွက်ကာ ခေတ်မီနည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးမွေးမြူကြရန် လိုအပ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဆင့်ဆင့်စနစ်တကျပြောင်းလဲဆောင်ရွက်နိုင်လျှင် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေများတိုးပွားလာမည့်အပြင် တစ်မျိုးသားလုံး၏ လူမှုစီးပွားဘဝတစ်ခုလုံးကို မြှင့်တင်နိုင်ပြီး ရေရှည်ကာလတွင် နိုင်ငံ့စီးပွားကိုပါ မြင့်မားလာစေနိုင်သည်။

**အရည်အသွေးမြင့်စိုက်ပျိုးရေး**

မြန်မာနိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍတွင် "အထွက်နှုန်းအရေအတွက်"များပြားရေးကိုသာ ဦးတည်လုပ်ကိုင်နေကြပြီး ဈေးကွက်မှတောင်းဆိုသည့် "အရည်အသွေးစံချိန်စံညွှန်း"ပြည့်မီရေးကို ပိုမိုအလေးထားဂရုပြုရန်လိုအပ်နေသည်။ ယခင်ကကဲ့သို့ ဧကများများစိုက်နိုင်ရုံ၊ အိတ်ရေများများထွက်ရုံဖြင့် ဝင်ငွေတိုးပွားမည့်ခေတ်မဟုတ်တော့ဘဲ စနစ်တကျစိုက်ပျိုးထုတ်လုပ်ထားသည့် အရည်အသွေးမြင့်သီးနှံများသည်သာ ဈေးကွက်တွင်အဖိုးတန်ပြီး စီးပွားရေးကို အမှန်တကယ်မြှင့်တင်ပေးနိုင်သည်။

ဝါစိုက်ပျိုးမှုတွင် ဧကအကျယ်အဝန်းထက် ကမ္ဘာ့ဈေးကွက်နှင့် ပြည်တွင်းအထည်ချုပ်စက်ရုံများမှ လိုအပ်သည့် ချည်မျှင်ရှည်နှင့် အရည်အသွေးကောင်းဝါဂွမ်းများထွက်ရှိရန်အရေးကြီးသည်။ စနစ်တကျ မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း၊ ပိုးမွှားဒဏ်ခံနိုင်ရည်ရှိအောင်ပြုစုခြင်းနှင့် ဝါကောက်သန့်စင်မှုစနစ်မှန်ကန်ခြင်းတို့ဖြင့် ဝါအရည်အသွေးကိုမြှင့်တင်ရမည်။ အရည်အသွေးမြင့်ဝါဂွမ်းများ ထုတ်လုပ်နိုင်လျှင် ပြည်ပမှချည်ထည်တင်သွင်းမှုကို လျှော့ချနိုင်ရုံသာမက တောင်သူများအတွက် သာမန်ထက် ပိုမိုမြင့်မားသောဈေးနှုန်းကိုရရှိနိုင်မည်။

အထူးသဖြင့် နှမ်းနက်နှင့်နှမ်းဖြူသည် ပြည်ပဈေးကွက်တွင် နာမည်ကျော်သော်လည်း ဓာတုဓာတ်ကြွင်းကင်းစင်မှုနှင့် သန့်စင်မှုအရည်အသွေးအားနည်းပါက ဈေးကောင်းမရဘဲ ပယ်ချခံရတတ်သည်။ ထို့ကြောင့် နှမ်းကို အရေအတွက်ထက် ဈေးကွက်မှလိုလားသော ဆီထွက်နှုန်းကောင်းမွန်ခြင်း၊ အရွယ်အစားညီညာခြင်း၊ ဖုန်၊ ခဲ၊ သလဲကင်းစင်ခြင်းစသည့်အရည်အသွေးများရရှိစေရန် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP) နည်းစနစ်ဖြင့် စနစ်တကျစိုက်ပျိုးကာ အရည်အသွေးကို ဦးတည်ထုတ်လုပ်ရမည်။

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံဖြစ်သော နေကြာစိုက်ပျိုးမှုကို မြှင့်တင်ရာတွင် ဧကများများစိုက်ပျိုးနိုင်ရုံဖြင့်မလုံလောက်ဘဲ ထွက်လာသည့်နေကြာစေ့များ၏ ဆီထွက်နှုန်းအရည်အသွေးကောင်းမွန်ရန်အရေးကြီးသည်။ စနစ်တကျရွေးချယ်ထားသော ဆီထွက်နှုန်းမြင့်မျိုးစေ့များကို အသုံးပြုခြင်း၊ စနစ်တကျအောင်ရေပေးခြင်းနှင့် အစေ့အဆန်ပြည့်ဝအောင်ပြုစုခြင်း၊ ဝတ်မှုန်ကူးပေးခြင်းတို့သည် နေကြာဆီထုတ်လုပ်မှုကို တိုက်ရိုက်အကျိုးပြုသည်။ အရေအတွက်ထက် ဆီပါဝင်မှုပြည့်ဝသည့် အရည်အသွေးမြင့်နေကြာစေ့များကို ထုတ်လုပ်နိုင်မှသာလျှင် ပြည်တွင်းဆီစက်ပိုင်ရှင်များက ဈေးကောင်းပေးဝယ်ယူကြမည့်အပြင် ပြည်ပမှစားသုံးဆီတင်သွင်းမှုကိုလျှော့ချနိုင်သဖြင့် ကျေးလက်နေတောင်သူများ၏ဝင်ငွေကို ရေရှည်ခိုင်မာစေနိုင်သည်။

ဆီထုတ်လုပ်မှု၊ တိရစ္ဆာန်အစာနှင့် လူသုံးကုန်ထုတ်လုပ်မှုတို့အတွက် အလွန်အရေးပါသော ပဲပုပ်စိုက်ပျိုးရာတွင်လည်း အရည်အသွေးသည်သာလျှင် ဈေးကွက်အဆုံးအဖြတ်ဖြစ်သည်။ ကမ္ဘာ့ဈေးကွက်နှင့် ပြည်တွင်းအစာစက်ရုံများမှလိုအပ်သည်မှာ ပရိုတင်းဓာတ်နှင့်ဆီဓာတ်မြင့်မားစွာပါဝင်သည့် ပဲပုပ်စေ့



များဖြစ်သည်။ ထို့ကြောင့် တောင်သူများသည် မျိုးစေ့ချစဉ်ကတည်းက ပရိုတင်းဓာတ်ကြွယ်ဝသည့် မျိုးကောင်းမျိုးသန့်များကို စနစ်တကျရွေးချယ်စိုက်ပျိုးရန်နှင့် မှိုဒဏ်၊ ပိုးမွှားဒဏ်ကင်းစင်အောင် ထိန်းသိမ်းရန်လိုအပ်သည်။ အောင်မြင်ဖြစ်ထွန်းရုံသက်သက် အရေအတွက်ကိုမကြည့်ဘဲ အာဟာရဓာတ်ပြည့်ဝသည့် အရည်အသွေးမြင့်ပဲပုပ်များကို ထုတ်လုပ်နိုင်ပါက ပြည်တွင်းမွေးမြူရေးအစာစက်ရုံများ၏ စဉ်ဆက်မပြတ်ဝယ်ယူမှုကိုရရှိပြီး ကျေးလက်စီးပွားရေးကို တိုးတက်ခိုင်မာလာစေနိုင်သည်။

**အရည်အသွေးမြင့်မွေးမြူရေး**

မွေးမြူရေးကဏ္ဍကိုအရည်အသွေးဖြင့် ပုံဖော်ရာတွင် စိုက်ပျိုးရေးနှင့်တွဲဖက်နေသည့် မွေးမြူရေးကဏ္ဍတွင်လည်း ကောင်ရေများပြားရေးထက် စနစ်ကျသောမွေးမြူရေးစနစ်ကိုဆောင်ရွက်ကာ အရည်အသွေးကို ကောင်းမွန်အောင်ဆောင်ရွက်ရမည်။ ကြက်၊ ဝက်၊ ဆိတ်၊ အမဲ(နွား)နှင့် ငါးမွေးမြူရေးလုပ်ငန်းများကို ယခင်ကဲ့သို့ ခြံလွှတ်စနစ်သို့မဟုတ် သမားရိုးကျမိရိုးဖလာနည်းလမ်းဟောင်းများအတိုင်း လုပ်ကိုင်နေခြင်းထက် ခေတ်မီနည်းစနစ်များဖြင့် စနစ်တကျပြောင်းလဲမွေးမြူရန် လိုအပ်သည်။ သမားရိုးကျနည်းလမ်းများသည် ကူးစက်ရောဂါကျရောက်ပါက ဆုံးရှုံးမှုကြီးမားခြင်း၊ ကြီးထွားနှုန်းနှေးကွေးခြင်းနှင့် အသား၊ ငါးအရည်အသွေးမပြည့်မီခြင်းတို့ကြောင့် တောင်သူများ တွက်ခြေမကိုက်ဘဲဖြစ်တတ်သည်။ ထို့ကြောင့် တိရစ္ဆာန်အမျိုးအစားအလိုက် စနစ်တကျဗီဇမြှင့်တင်ထားသော မျိုးကောင်းမျိုးသန့်များကိုရွေးချယ်ခြင်း၊ ဘေးကင်းပြီး အာဟာရပြည့်ဝသောအစာကျွေးမွေးခြင်း၊ ဇီဝလုံခြုံမှုရှိသော မွေးမြူရေးခြံစနစ်များတည်ဆောက်ခြင်းနှင့် ကာကွယ်ဆေးစနစ်တကျထိုးနှံခြင်းတို့ကို မလွဲမသွေဆောင်ရွက်ရမည်။ သိပ္ပံနည်းကျစနစ်တကျမွေးမြူခြင်းဖြင့် တိရစ္ဆာန်များ၏ ရှင်သန်နှုန်းနှင့် ကုန်ထုတ်လုပ်မှုစွမ်းအားကို သိသိသာသာမြှင့်တင်နိုင်မည့်အပြင် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပဈေးကွက်မှလိုအပ်သည့် ဘေးကင်းစိတ်ချရသော အရည်အသွေးမြင့် အသား၊ ငါးများကို စဉ်ဆက်မပြတ်ထုတ်လုပ်ပေးနိုင်ကာ ကျေးလက်နေပြည်သူများအတွက် ခိုင်မာသောဝင်ငွေစီးကြောင်းကို ဖန်တီးပေးနိုင်သည်။

**စွန့်ပစ်ပစ္စည်းမဲ့ စိုက်ပျိုးမွေးမြူရေး**

ယနေ့ခေတ် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသအများစုတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တစ်ခုနှင့်တစ်ခု သီးခြားစီလုပ်ကိုင်နေကြဆဲဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးမှထွက်လာသည့် ကောက်ရိုး၊ နှမ်းရိုး၊ နေကြာရိုး၊ ပဲရိုးနှင့် ပဲဖတ် စသည့်သီးနှံဘေးထွက်ပစ္စည်းများကို အကျိုးရှိစွာမသုံးနိုင်ဘဲ မီးရှို့ဖျက်ဆီးပစ်ခြင်း သို့မဟုတ် စွန့်ပစ်ပစ္စည်းအဖြစ်ထားရှိခြင်း အလွန်များပြားသဖြင့် လေထုညစ်ညမ်းမှုနှင့် လေလွင့်ဆုံးရှုံးမှုများကိုဖြစ်ပေါ်စေသည်။ မွေးမြူရေးခြံများမှထွက်ရှိသည့် တိရစ္ဆာန်အညစ်အကြေးများကို စနစ်တကျမစီမံနိုင်သည့်အတွက် ပတ်ဝန်းကျင်အနံ့အသက်ဆိုးခြင်းနှင့် ချောင်းမြောင်းများအတွင်းစီးဝင်ကာ ရေထုညစ်ညမ်းခြင်းတို့ကို ဖြစ်စေသည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းနှစ်ခုကြား အပြန်အလှန်အကျိုးပြုနိုင်စွမ်းကို ထိရောက်စွာအသုံးချရန်လိုအပ်သည်။

ကျေးလက်စီးပွားရေး ရေရှည်တည်တံ့ပြီး ကုန်ကျစရိတ်သက်သာစေရန် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ဆက်စပ်တွဲဖက်ကာ စွန့်ပစ်ပစ္စည်းလုံးဝမရှိစေမည့် စွန့်ပစ်ပစ္စည်းမဲ့စိုက်ပျိုးမွေးမြူရေးစနစ်ကို စနစ်တကျအကောင်အထည်ဖော်ရမည်။ စိုက်ပျိုးရေးမှထွက်လာသော ဝါစေ့ဖတ်၊ ပဲပုပ်ဖတ်၊ နေကြာဖတ်နှင့်သီးနှံရိုးပြတ်များကို အာဟာရပြည့်ဝသည့် တိရစ္ဆာန်အစာအဖြစ် ပြန်လည်အသုံးချရမည်။ မွေးမြူရေးခြံများမှထွက်လာသော နွားချေး၊ ကြက်ချေးနှင့် တိရစ္ဆာန်အညစ်အကြေးများကို သဘာဝမြေဩဇာအဖြစ်ပြောင်းလဲကာ ဝါ၊ နှမ်း၊ နေကြာနှင့် ပဲပုပ်စိုက်ခင်းများတွင် ပြန်လည်ထည့်သွင်းပေးရမည်။ ထို့ပြင် အညစ်အကြေးများမှတစ်ဆင့် ဇီဝဓာတ်ငွေ့ထုတ်လုပ်ကာ ကျေးလက်မီးဖိုချောင်နှင့် လျှပ်စစ်မီးအတွက်အသုံးပြုနိုင်သည်။ ဤကဲ့သို့ စိုက်ပျိုးရေးမှ မွေးမြူရေးကို အစာကျွေး၊ မွေးမြူရေးမှ စိုက်ပျိုးရေးကို မြေဩဇာပြန်ပေးသည့် စွန့်ပစ်မဲ့အပြန်အလှန်အကျိုးပြုစီးပွားရေးစနစ်ကိုကျင့်သုံးခြင်းဖြင့် စိုက်ပျိုးစရိတ်နှင့် အစာစရိတ်များကိုလျှော့ချနိုင်ပြီး ကျေးလက်နေပြည်သူများ၏ အသားတင်ဝင်ငွေကိုတိုးပွားစေကာ သဘာဝပတ်ဝန်းကျင်ကိုပါ ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်သည်။

**နိုင်ငံတကာစံနမူနာများ**

ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍကို နည်းပညာဖြင့် စနစ်တကျပြောင်းလဲလုပ်ကိုင်ခဲ့ကြပြီး ပြည်ပသို့ အရည်အသွေးမြင့်ကုန်ပစ္စည်းများကို စံချိန်စံညွှန်းမီတင်ပို့ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို အရှိန်အဟုန်ဖြင့် မြှင့်တင်နိုင်ခဲ့ကြသည်။ ၎င်းနိုင်ငံများသည် အရေအတွက်ထက် အရည်အသွေးကိုရှေးရှုပြီး ဈေးကွက်ရှာဖွေခြင်း၊ ခေတ်မီနည်းပညာများ အသုံးပြုခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများ၏ဝင်ငွေမှာ သိသာစွာတိုးတက်လာကာ ကျေးလက်စီးပွားတိုးတက်မှုမှတစ်ဆင့် နိုင်ငံ့စီးပွားမြင့်မားလာသည်။ သယံဇာတနှင့် ရေမြေသဘာဝပိုမိုကောင်းမွန်သော မြန်မာနိုင်ငံတွင်လည်း ထိုနိုင်ငံများနည်းတူ စနစ်တကျရှိသော ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်များ၊ အရည်အသွေးအခြေပြု သီးနှံထုတ်လုပ်မှုများနှင့် စွန့်ပစ်ပစ္စည်းကင်းစင်သည့် စိုက်ပျိုးမွေးမြူရေးစနစ်များကို လက်တွေ့ကျကျဖော်ဆောင်နိုင်လျှင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ပြီး တိုးတက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ ကဏ္ဍစုံပြောင်းလဲတိုးတက်လာခြင်းသည် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသောကျေးလက်နေပြည်သူများ၏ မိသားစုစားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်လူမှုစီးပွားဘဝတစ်ရပ်လုံးကိုပါ အဆင့်အတန်းမြင့်မားလာစေနိုင်ပြီး နိုင်ငံ့စီးပွားရေးကို တိုးတက်စေနိုင်သည်။

**သမိုင်းဝင်ထိပ်တန်းပို့ကုန်များ**

မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်မတိုင်မီနှင့် လွတ်လပ်ရေးရပြီးစကာလများက ကမ္ဘာ့အကြီးဆုံးဆန်စပါးတင်ပို့သည့်နိုင်ငံအဖြစ် တစ်နှစ်လျှင် ဆန်တန်ချိန် သုံးသန်းကျော်ထိတင်ပို့ပြီး သမိုင်းဝင်ထိပ်တန်းစာရင်းတွင် ရပ်တည်ခဲ့ဖူးသည်။ ထို့အတူ မြန်မာ့ပဲမျိုးစုံနှင့် နှမ်းအပါအဝင် ဆီထွက်သီးနှံများသည်လည်း အရည်အသွေးကောင်းမွန်မှုကြောင့် အာရှနှင့် ဥရောပဈေးကွက်များက အထူးအလေးထားအားထားရသည့် ပို့ကုန်များဖြစ်ခဲ့ကြသည်။

ယနေ့ခေတ် ကမ္ဘာ့ဈေးကွက်တွင်လည်း မြန်မာနိုင်ငံသည် မတ်ပဲနှင့် ပဲတီစိမ်းတင်ပို့မှုတွင် ကမ္ဘာ့ထိပ်တန်းအဆင့်၌ ဆက်လက်ရပ်တည်နေဆဲဖြစ်သကဲ့သို့ မြန်မာ့နှမ်းနက်(စမုန်နက်)သည်လည်း ဂျပန်နှင့် တရုတ်နိုင်ငံတို့တွင် ဈေးကွက်ဝေစုအခိုင်အမာရရှိထားဆဲဖြစ်သည်။

သို့သော်လည်း ခေတ်ရေစီးကြောင်းအရ အိမ်နီးနားချင်းနိုင်ငံများသည် နည်းပညာနှင့် စနစ်တကျပြောင်းလဲစိုက်ပျိုးမှုကြောင့် ကုန်ထုတ်လုပ်မှုသိသိသာသာတိုးတက်လာချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့ထိပ်တန်းပို့ကုန်နိုင်ငံကြီးအဖြစ် ရေရှည်ခိုင်မာစွာရပ်တည်နိုင်ရန် မိမိတို့တွင် ရှိပြီးသားဖြစ်သော ရေမြေအရင်းအမြစ်များကို ခေတ်မီစနစ်များနှင့် ပေါင်းစပ်ပြီး နိုင်ငံတကာစံချိန်စံညွှန်းမီအရည်အသွေးမြင့်သီးနှံများအဖြစ် စိုက်ပျိုးနိုင်လျှင် ကမ္ဘာ့ထိပ်တန်းပို့ကုန်နိုင်ငံအဆင့်သို့ ရောက်ရှိပြီး ကျေးလက်စီးပွားတိုးတက်မှုမှတစ်ဆင့် နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


- မြန်မာ့အလင်းသတင်းစာ (၂၀၂၅၊ စက်တင်ဘာ ၂၃) ခေတ်ရေစီးကြောင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် မြန်မာ့လယ်ယာအနာဂတ်(ပြန်ကြားရေးဝန်ကြီးဌာန)

# အယ်လ်နီညိုနှင့် လွန်ကဲသောရာသီဥတုဖြစ်စဉ်များ

ဇော်လူလူ

မျက်မှောက်ခေတ် ကမ္ဘာကြီးရင်ဆိုင်နေရသော အကြီးမားဆုံး သဘာဝပတ်ဝန်းကျင်စိန်ခေါ်မှုများ အနက် 'အယ်လ်နီညို' ရာသီဥတုဖြစ်စဉ်သည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ အထင်ရှားဆုံးနှင့် အဖျက်စွမ်းအားအကောင်းဆုံး သရုပ်သကန်တစ်ခုဖြစ်သည်။ ယေဘုယျအားဖြင့် အယ်လ်နီညိုဖြစ်စဉ်များသည် ပစိဖိတ်သမုဒ္ဒရာတွင် နှစ်နှစ်မှငါးနှစ် (သို့မဟုတ်) ငါးနှစ်မှ ခုနစ်နှစ် အတွင်း တစ်ကြိမ်ဖြစ်ပေါ်တတ်သည်။ အဆိုပါ ရေပူစီးကြောင်းသည် ရက်သတ္တပတ်အနည်းငယ်မှ တစ်လ သို့မဟုတ် တစ်လထက်ပို၍ ကြာမြင့်တတ်သော်လည်း သုံးနှစ်မှ ခုနစ်နှစ်တစ်ကြိမ်တွင်မူ အယ်လ်နီညိုဖြစ်စဉ်သည် လပေါင်းများစွာ ကြာမြင့်နိုင်သည်။

အယ်လ်နီညိုဖြစ်စဉ်အားကောင်းပါက တောင်အမေရိကနိုင်ငံများမှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ဖြစ်ပွားတတ်ပြီး ရာသီဥတုဖောက်ပြန်မှုများ ပြင်းထန်လာတတ်သည်။ အများအားဖြင့် အပူချိန်လွန်ကဲခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ မိုးခေါင်လွန်းခြင်း၊ သောက်သုံးရေရှားပါးခြင်း စသည်တို့ဖြစ်တတ်သည်။ ဩစတြေးလျနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် မိုးခေါင်ရေရှားမှုများ ကြုံတွေ့နိုင်သော်လည်း ပီရူးနိုင်ငံ၏ သဲကန္တာရများတွင် အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်တတ်သည်။ အရှေ့အာဖရိကတွင်မူ ဤဖြစ်စဉ်နှစ်ရပ်စလုံးကို ကြုံတွေ့နိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မှတ်တမ်းများကို လေ့လာကြည့်ပါက ၁၉၉၇ – ၁၉၉၈ ခုနှစ်က ဖြစ်ပွားခဲ့သော အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြို့ကြီး ၁၈ မြို့တွင် အမြင့်ဆုံးအပူချိန် စံချိန်သစ်များ တင်ခဲ့ပြီး မြို့ကြီး ၁၅ မြို့တွင် မိုးရေချိန်အနည်းဆုံးစံချိန်သစ်များတင်ခဲ့သည်။ ၂၀၁၆ ခုနှစ်အတွင်း စံချိန်တင်မီးလောင်ကျွမ်းမှုများ၊ ပူပြင်းခြောက်သွေ့မှုနှင့် တိုက်ရိုက်ဆက်စပ်သည့် ရောဂါဖြစ်ပွားမှုများနှင့် သောက်သုံးရေရှားပါးမှုများ ကြုံတွေ့ခဲ့ရသည်။ ၂၀၂၄ ခုနှစ် နွေရာသီက မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် အပူချိန် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီယပ်ထိ စံချိန်တင်မြင့်တက်ခဲ့သည်။ ၂၀၂၅ ခုနှစ်တွင်လည်း ၄၅ ဒသမ ၃ ဒီဂရီဆဲလ်စီယပ်၊ ယခုနှစ်တွင် ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီယပ်ရှိခဲ့သည်။ အခြားမြေလတ်ဒေသမှ မြို့ကြီး ၁၂ မြို့တွင်လည်း ၄၁ ဒီဂရီဆဲလ်စီယပ်နှင့်အထက်ရှိခဲ့ကြောင်း မိုးလေဝသမှတ်တမ်းများအရ သိရသည်။

ယခု ၂၀၂၆ ခုနှစ်တွင်လည်း အနောက်တောင်မုတ်သုံလေမဆုတ်ခွာမီနှင့် ဆုတ်ခွာချိန်ကာလများတွင် အားကောင်းသော မုန်တိုင်းငယ်များဖြစ်ပေါ်၍ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရုတ်တရက်ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများကျရောက်၍ လှိုင်းကြီးခြင်းများဖြစ်ပေါ်ခဲ့သည်။

အယ်လ်နီညိုဟူသည်မှာ စပိန်ဘာသာစကားဖြင့် "သူငယ်တော်"ဟု အဓိပ္ပာယ်ရပြီး ပစိဖိတ်သမုဒ္ဒရာ အီကွေတာအနီးရေမျက်နှာပြင်အပူချိန် ပုံမှန်ထက် မြင့်တက်လာသည့် သဘာဝဖြစ်စဉ်ကို ခေါ်ဆိုခြင်းဖြစ်သည်။ ပုံမှန်အားဖြင့် အရှေ့ဘက်မှအနောက်ဘက်သို့ တိုက်ခတ်သော ကုန်သွယ်လေ (Trade Winds) များ အားပျော့သွားသောအခါ ပစိဖိတ်သမုဒ္ဒရာ အရှေ့ပိုင်း(တောင်အမေရိကကမ်းခြေအနီး) သို့ ရေနွေးများစီးဆင်းအိုင်ထွန်းလာရာမှ အယ်လ်နီညို စတင်ဖြစ်ပေါ်သည်။ ၎င်းအပူချိန်သည် ပုံမှန်ထက် နှစ်ဒီဂရီစင်တီဂရိတ် သို့မဟုတ် ထို့ထက်ပို၍ သိသိသာသာ မြင့်တက်လာသောအခါ အယ်လ်နီညိုအဆင့်သို့ ရောက်ရှိလာပြီး ကမ္ဘာ့ရာသီဥတုကို ဆိုးရွားစွာ ခြိမ်းခြောက်လာတော့သည်။

အယ်လ်နီညိုကြောင့် ရေနွေးလှိုင်းများရောက်ရှိနေသည့်တောင်အမေရိကတိုက် အနောက်ဘက်ကမ်း



ရိုးတန်း (ဥပမာ- ပီရူးနှင့် အီကွေဒေါနိုင်ငံ) တို့တွင် ပုံမှန်ထက် ၁၀ ဆမက ပြင်းထန်သော မိုးရွာသွန်းမှုများကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် တောင်ပြိုမြေပြိုမှုများဆိုးရွားစွာ ကြုံတွေ့ရတတ်သည်။

သမုဒ္ဒရာအပူချိန်မြင့်တက်မှုကြောင့် ပင်လယ်ရေအောက်ဂေဟစနစ်၏ အသက်သွေးကြောဖြစ်သော သန္တာကျောက်တန်းများ ဖြူဖျော့ပြီးသေဆုံးကြရသည်။ ဤသည်ကို Coral Bleaching ဟုခေါ်ပြီး ရေနေဇီဝမျိုးစုံမျိုးကွဲများနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများကို ရေရှည်ပျက်စီးစေသည့် သဘာဝအန္တရာယ်တစ်ခုဖြစ်သည်။

ကမ္ဘာ့ဆန်၊ ဂျုံနှင့် ပြောင်းစိုက်ပျိုးထုတ်လုပ်မှု အဓိကဒေသများတွင် ရာသီဥတုမမှန်ခြင်းကြောင့် သီးနှံအထွက်နှုန်းကျဆင်းကာ ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများမြင့်တက်လာရသည်။ ရေလုပ်ငန်းတွင်လည်း ငါးအုပ်စုများ အပူချိန်လွတ်ရာသို့ ရွှေ့ပြောင်းသွားသဖြင့် ဖမ်းဆီးရရှိမှုကျဆင်းစေသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် သမုဒ္ဒရာများထဲတွင် အပူစွမ်းအင်များ ပိုမိုသိုလှောင်ထားမိလျက်ရှိရာ ၎င်းသည် အယ်လ်နီညိုဖြစ်စဉ်များကို ပိုမိုအကြိမ်ရေစိပ်လာစေပြီးပိုမိုပြင်းထန်လာစေသည့် အရှိန်မြှင့်စက်တစ်ခုကဲ့သို့ လုပ်ဆောင်နေသည်။

**ကြိုတင်ပြင်ဆင်ထားသင့်သည့်အချက်များ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အယ်လ်နီညိုဖြစ်စဉ်သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။ ဌာနဆိုင်ရာများမှလည်း မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းများအတွက် ပြည်သူများလိုက်နာရန် စည်းကမ်းများ၊ ညွှန်ကြားချက်များ၊ အကြံပြုချက်များ၊ ပညာပေးအစီအစဉ်များ ထုတ်ပြန်ပေးခြင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ သရုပ်ပြလေ့ကျင့်ခြင်း၊ သရုပ်ပြခြင်းနှင့်အသိပညာပေးလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်ပေးသင့်သည်။ နိုင်ငံပိုင်မီဒီယာများသာမက ပုဂ္ဂလိကပိုင်မီဒီယာများမှလည်း သတင်းထုတ်ပြန်ပေးခြင်း၊ အသိပညာပေးခြင်း၊ လိုက်နာရမည့်အစီအစဉ်များ ထုတ်လွှင့်ဖော်ပြပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်သင့်သည်။

ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်က တရားဝင်ထုတ်ပြန်ပေးသည့် မိုးလေဝသသတင်းများကို အမြဲမပြတ်ကြည့်ရှုနားထောင်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်သို့ ပြန်လည်မျှဝေပေးခြင်းများဆောင်ရွက်ကြရမည်။ အများပြည်သူစိတ်မချမ်းမြေ့ဖွယ်၊ စိုးရိမ်ပူပန်ဖွယ်ရာ သတင်းတု၊ သတင်းမှားများနှင့် ကောလာဟလများကို ချင့်ချိန်လက်ခံယုံကြည်ကြရန်လည်း လိုအပ်သည်။

အယ်လ်နီညိုဖြစ်စဉ်များတွင် နေ့အပူချိန်မြင့်တက်ခြင်းသည် ဆိုးကျိုးများစွာ ခံစားရနိုင်ပြီး လူ့အသက်ဆုံးရှုံးနိုင်သည်ထိ ဖြစ်ပေါ်နိုင်သည်။ နေရောင်ခြည်၏ တိုက်ရိုက်ကျရောက်မှုနှင့် ပူပြင်းခြောက်သွေ့သောလေထုကြောင့် လူ့ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်များကို အနှောင့်အယှက်ဖြစ်စေသည်။ ချွေးထွက်လွန်ခြင်းကြောင့် ရေနှင့်သတ္တုဓာတ်များ ဆုံးရှုံးပြီး သွေးကြောများကျယ်လာကာ သွေးပေါင်ကျခြင်း၊ မူးဝေခြင်း၊ အပူလျှပ်ခြင်းဝေဒနာများ ခံစားရနိုင်သည်။ ခန္ဓာကိုယ်အပူချိန်တက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းများ ဖြစ်ပွားနိုင်သည့်အပြင် ကျောက်ရောဂါ၊ ဝက်သက်ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများလည်း ဖြစ်ပွားနိုင်သည်ကို သတိပြုကြရမည်။

နေ့အပူချိန်မြင့်တက်ချိန် နံနက် ၁၁ နာရီမှ ညနေ ၄ နာရီအတွင်းသည် ခရမ်းလွန်ရောင်ခြည်အပြင်းထန်ဆုံးနှင့် အပူရှိန်အမြင့်ဆုံးအချိန်ဖြစ်သည်။ ထိုအချိန်တွင် ရေချိုးခြင်း၊ အပြင်ထွက်ခြင်းများ မပြုလုပ်သင့်ပေ။ မဖြစ်မနေအပြင်ထွက်ရပါက ထီး၊ ဦးထုပ်နှင့် လေဝင်လေထွက်ကောင်းသည့် အဝတ်အစားဝတ်ဆင်ပြီးမှ အပြင်သို့ထွက်ခြင်း၊ ရေများများသောက်ပေးခြင်း၊ ဓာတ်ဆားရည်သောက်ခြင်း၊ အေးမြပြီး အရိပ်ရသောနေရာတွင် နားခိုနေထိုင်ခြင်း၊ လေဝင်လေထွက်ကောင်းသည့်နေရာတွင် နားနေခြင်း၊ အချို၊ အဆီအအိမ့်၊ အငန်၊ အစပ် စားသုံးမှုလျှော့ချခြင်း၊ အရက်၊ ဘီယာသောက်သုံးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုများရှောင်ကြဉ်ခြင်း၊ ရေဓာတ်ရရှိစေမည့်အရည်ရွှမ်းသည့်သီးနှံများနှင့် ဟင်းသီးဟင်းရွက်များစားသုံးခြင်းတို့ ပြုလုပ်သင့်သည်။

အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါသည်များ၊ ကလေးသူငယ်များ၏ ကျန်းမာရေးကို အထူးဂရုပြုသင့်သည်။ အပူဒဏ်ကြောင့် ဝေဒနာခံစားရပါက နီးစပ်ရာဆေးရုံဆေးခန်းများသို့ အမြန်ဆုံးသွားရောက်၍ ဆေးကုသမှုခံယူသင့်သည်။ အပူချိန်မြင့်တက်မှုကြောင့် ရေရှားပါးမှုဖြစ်ပေါ်နိုင်၍ သောက်သုံးရေ၊ စိုက်ပျိုးရေများဖူလုံအောင် ကြိုတင်စုဆောင်းထားသင့်သည်။ ထို့ပြင် မီးလောင်ကျွမ်းခြင်းများမဖြစ်စေရန် သတိပြုကြရမည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းနှင့် ဆောင်းရာသီတွင် အအေးပိုခြင်း စသည့်အစွန်းရောက်ရာသီဥတုဖြစ်စဉ်များလည်းဖြစ်ပွားနိုင်သည်။ မြန်မာနိုင်ငံတွင် နာဂစ်၊ မိုခါ၊ ရာဂီမုန်တိုင်းကဲ့သို့ ပြင်းထန်သည့် မုန်တိုင်းဒဏ်များကို ခံစားခဲ့ကြရဖူးသည်။ မုန်တိုင်းအန္တရာယ်ကြောင့် စည်းစိမ်ဥစ္စာများ၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံများနှင့် ပြည်သူတို့၏ အသက်ဆုံးရှုံးမှုများလည်း ခံစားခဲ့ကြရသည်။

မုန်တိုင်းသတင်းသိရှိရပါက မဖြစ်ပွားမီကပင် နေအိမ်ကြံ့ခိုင်မှုနှင့် နေအိမ်ပတ်ဝန်းကျင်တွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို စစ်ဆေးခြင်း၊ အန္တရာယ်ဖြစ်စေနိုင်သည့် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း၊ ဘေးအန္တရာယ်ကြုံတွေ့ရပါက မိသားစုအရေးပေါ်ရွှေ့ပြောင်းရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်၍ မိသားစုဝင်များကို အသိပေးထားခြင်း၊ အရေးပေါ်သုံးပစ္စည်း၊ ဆေးဝါးများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများ ကြိုတင်ပြင်ဆင်ထားခြင်းများ ဆောင်ရွက်ထားရမည်။ မုန်တိုင်းဗဟိုဖြတ်သန်းချိန်တွင် ခေတ္တလေငြိမ်တတ်သော်လည်း မကြာမီအချိန်အတွင်း ဆန့်ကျင်ဘက်အရပ်မှ ပိုမိုပြင်းထန်သည့်လေများ တိုက်ခတ်နိုင်သည်ကိုလည်း သတိပြုကြရမည်။ မုန်တိုင်းအန္တရာယ်ကင်းရှင်းကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်သည်ထိ ဘေးကင်းလုံခြုံသော နေရာတွင်သာ နေထိုင်ကြရမည်။

နိဂုံးချုပ်ရသော် အယ်လ်နီညိုသည် ရိုးရှင်းသော သဘာဝဖြစ်စဉ်တစ်ခုမဟုတ်တော့ဘဲ လူသားတို့၏ ရှင်သန်ရပ်တည်ရေး၊ စီးပွားရေးနှင့် ကမ္ဘာ့ဂေဟစနစ်တစ်ခုလုံးကို ခြိမ်းခြောက်နေသည့်အရေးပေါ်အခြေအနေတစ်ခုဖြစ်သည်။ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို လျှော့ချနိုင်ရန်နှင့် အယ်လ်နီညိုကဲ့သို့သော လွန်ကဲသည့်ဖြစ်စဉ်များကို ကြံ့ကြံ့ခံနိုင်ရန် ကမ္ဘာ့နိုင်ငံများ အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံအနေဖြင့်လည်း ကြိုတင်ပြင်ဆင်မှုဗျူဟာများကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် ဘေးအန္တရာယ်များကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။








## အများသိစေရန်အသိပေးကြေညာခြင်း

၁၁၀ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မြို့သစ် (၂) ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် တည်ရှိသော ASTRA AI TECHNOLOGY COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ် 132-373086(11/02/2022)သည် ၁၉-၁၀-၂၀၂၆ ရက်နေ့တွင် ကျင်းပခဲ့သည့် ကုမ္ပဏီ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာအရေအတွက် ၈၀၀ စု (ကျပ် သန်း ၈၀)မှ အစုရှယ်ယာအရေအတွက် ၃၀၀ စု (ကျပ်သန်း ၃၀)သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(ဒါရိုက်တာအဖွဲ့)

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်း၊ အေးမွန်ကျေးရွာ၊ ကဝမြို့နယ်နေ မောင်သန့်ဇင်မျိုး ၇/ကဝန(နိုင်)၂၄၂၂၆၄(အဘ) ဦးသန်းလွင်၏ နိုင်ငံ ကူးလက်မှတ် MH171880 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက 09777-409258 ထံ အကြောင်းကြားပေးပါရန်။ 09777409258

### ပျောက်ဆုံးကြောင်း

မောင်စိုးမိုးနိုင်(ဘ) ဦးခင်မောင်ထူး ၉/မဟမ(နိုင်) ၀၂၁၂၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉၂၅၉၂၃၀၉၈၈

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မိုးသောက်ပန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ)ဦးအောင်ကျော်၏သမီး မခြူးအမရာဝိုင်၏ မွေးသက္ကရာဇ်အမှန်မှာ မွေးစာရင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ၂၁-၁၂-၂၀၁၅ ဖြစ်ပါကြောင်း။

မခြူးအမရာဝိုင်၊ ၂၁-၁၂-၂၀၁၅

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ



❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**ကြေးမုံ ယနေ့ဖတ်စရာ**


တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပ
စာမျက်နှာ - ၁၉

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း
စာမျက်နှာ - ၂၀

လူမှုရေးပင်စင်အစီအစဉ်နှင့် စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း
စာမျက်နှာ - ၂၀


# တပ်မတော်စစ်ကြောင်းများက လောင်းရှည်-လှိုင်ဒုတ်-ကျင်ဒွေးလမ်းကြောင်းတစ်ဝိုက် အခြေပြုလှုပ်ရှားလျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်း၊ လှိုင်ဒုတ်ကျေးရွာကို သိမ်းပိုက်ရရှိ၊ လမ်းကြောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော လောင်းရှည်-လှိုင်ဒုတ်-ကျင်ဒွေး လမ်းကြောင်းပေါ်ရှိ ရင်းကဲကျေးရွာ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၂၁**

တပ်မတော်စစ်ကြောင်းများက လောင်းရှည်-လှိုင်ဒုတ်-ကျင်ဒွေးလမ်းကြောင်းတစ်ဝိုက် အခြေပြု၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် AA အကြမ်းဖက်အဖွဲ့နှင့် CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များကို တိုက်ထုတ်ချေမှုန်းပြီး အဆိုပါလမ်းကြောင်းပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အဆိုပါလမ်းကြောင်းပေါ်ရှိ လှိုင်ဒုတ်ကျေးရွာကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

AA အကြမ်းဖက်အဖွဲ့နှင့် CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ကို ဆက်သွယ်ထားသော ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင်

စာမျက်နှာ ၂၅ ကော်လံ ၁ ☆

# လဲချားမြို့နယ် ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား သုံးဦးကို ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



လဲချားမြို့နယ် ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသားသုံးဦး ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများကို ရှာဖွေဖော်ထုတ် တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ

စာမျက်နှာ ၂၇ ကော်လံ ၁ ✱



# မြန်မာလိဂ်ယူ- ၂၀ ပြိုင်ပွဲတွင် ISPE၊ ရန်ကုန်ယူနိုက်တက်၊ ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲများရရှိ

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၀) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ISPE အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်း၊

စာမျက်နှာ ၂၄ ကော်လံ ၁ ❖

# နောင်ချိုမြို့နယ်တွင် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုး၊ ကလောမြို့နယ်တွင် ငွေကျပ်သိန်း ၃၆၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

နောင်ချိုမြို့နယ်တွင် ငွေကျပ်နှစ်ဘီလီယံကျော်တန်ဖိုး၊ ကလောမြို့နယ်တွင် ငွေကျပ်သိန်း၃၆၀၀ တန်ဖိုးရှိစိတ်ကြွဆေးပြားများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၆ ရက် ည၆ နာရီခွဲတွင် သတင်းအရ နောင်ချိုမြို့နယ် သာစည်ကျေးရွာအနီးတွင် ကွတ်ခိုင်မှ ရန်ကုန်သို့ ချမ်းအေးသာစံမြို့နယ် ဒေးဝန်းအနောက်ရပ်ကွက်နေ သန်းထွန်းအောင် ၄၁ နှစ် မောင်းနှင်ပြီး အောင်ပင်လယ်ရပ်ကွက်နေ အေးမင်းထွေး ၂၁ နှစ် လိုက်ပါလာသော

စာမျက်နှာ ၂၄ ကော်လံ ၁ ■

သန်းထွန်းအောင်၊ အေးမင်းထွေးတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

